AlmightyAlmighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

ဘာသာပြန်သူ - ညီညီစိုး

{မြင့်မြတ်နယ်မြေ}

Book.50(874-890) မန်းကလန် နှင့်

တိုက်ခိုက်ခြင်း

၈၇၄

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၈၇၄ - ကန့်ကွက်ဝံ့သလား

လူငယ်သည် မူချင်းဖန် နှင့် အဘိုးအို၂ ယောက်ကိုတစ်ချက်ကြည့်လိုက်ပြီးနောက် ပြုံးကာ “အိုး၊ သူတော်စင်တစ်ပိုင်းအဆင့်၂ ပါးလား။ အရမ်းကြောက်တယ်! ငါ့ကိုမသတ်နဲ့ ကောင်းတယ်မလား"

သူစကားပြောပြီးသည်နှင့် သူ့နောက်တွင် သူတော်စင်တစ်ပိုင်းအဆင့် ၃ ပါး ထပ်ပေါ်လာသည်။

သူတော်စင်တစ်ပိုင်းအဆင့် ၄ ပါး။

“ကြည့်လိုက်၊ အခု ငါတို့မှာ သူတော်စင်တစ်ပိုင်းအဆင့် ၄ ပါးရှိတယ်၊ ဒါပေမဲ့ မင်းတို့မှာ ၂ ပါးပဲရှိတယ်။ ဒါကြောင့် မင်းတို့အားလုံး အသက်ကို ချန်ထားနိုင်ပြီ။

အထူးသဖြင့် မင်း၊ မူချင်းဖန်။
ရိုးရိုးသားသားပြောရရင်
ငါမင်းနဲ့ပျော်ချင်နေတာကြာပြီ!" မန်းရှီ၏
မျက်နှာပေါ်တွင်
အနည်းငယ်ရှုးသွပ်သောအမူအရာရှိနေပုံရ
သည်။

"ငါ သူ့ကို ငါနဲ့အတူ ခေါ်သွားမယ်!"
ရုတ်တရက် နောက်ထပ် အသံတစ်ခု
ထွက်ပေါ်လာပြီးနောက် ယန်ယဲ့၏
နောက်တွင် ငရဲကေရီ ပေါ်လာသည်။

ငရဲကေရီက မန်းရှီနှင့် မန်းကလန်၏ အဖွဲ့ဝင်များကိုတစ်ချက်ကြည့်လိုက်ပြီးနောက် သူမ၏အကြည့်သည် မန်းရှီ နောက်မှ အဘိုးအိုထံသို့ ဆင်းသက်လာပြီး "နင်ကန့်ကွက်ဝံ့သလား" ဟုဆိုလိုက်သည်။

ကန့်ကွက်ဝံ့သလား။

အထူးသဖြင့် သူတော်စင်တစ်ပိုင်းအဆင့် ကို
ချီးမြှောက်ခြင်းနယ်ပယ်အထွတ်အထိပ်အ
ဆင့် ပညာရှင်က ဤစကားများ
ပြောလိုက်ချိန်တွင် အတော်လေး
မောက်မာနေသည်မှာ သိသာပေသည်။

သို့သော် ငရဲကေရီ ပြောလိုက်သည့်
စကားကြောင့်မန်းရှီ၏ နောက်တွင်
ရပ်နေသော အဘိုးအိုက ထူးထူးခြားခြား
မျက်နှာပျက်သွားပါသည်။

သို့ရာတွင် ဒေါ်သမထွက်ဝံ့ဘဲ
မျက်နှာပေါ်တွင် အပြုံးနှင့်အတူ "ဟူး....,
ငရဲကေရီက သူ့ကို အတူ
ခေါ်သွားချင်တယ်ဆိုတော့
ငါ့ရဲ့မန်းကလန်က သဘာဝအတိုင်း
ငြင်းဝံ့မှာ မဟုတ်ဘူး!"

"ငြင်းတယ်!" ထိုအချိန်တွင် မန်းရှီက
အေးစက်စွာပြောလေသည်။ "ငရဲကေရီ၊
ငါတို့မန်းကလန်နဲ့ မင်းက
တစ်ယောက်နဲ့တစ်ယောက်

အမြဲတမ်းရှင်းနေခဲ့တာပဲ။ ဒါပေမဲ့

အခုအချိန်မှာ

ပုရွက်ဆိတ်တစ်ကောင်အတွက်နဲ့

ငါ့ရဲ့မှန်းကလန်ကို ဘာလို့

ဆန့်ကျင်နေတာလဲ။ သူက ငါ့ကို

အရင်ခြိမ်းခြောက်ပြီး ငါ့ရှေ့မှာတောင်

ငါ့အမျိုးသမီးကို သတ်လိုက်တယ်။ ငါ သူ့ကို

မသတ်ရင် ငါမှန်းရှိက

ရှေးဟောင်းမြင့်မြတ်မြို့တော်မှာ မျက်နှာ

ဘယ်သွားထားရမလဲ။"

“ကောင်းပြီ၊ နင်က ငြင်းတယ်ဆိုရင်
ငါနဲ့တိုက်ခိုက်ပါ။ တကယ်လို့
နင့်ရဲ့အသက်ကို အသက်ရှူ ၃
ရှိုက်စာအတွင်း မယူနိုင်ရင်
ငါချက်ချင်းထွက်သွားမယ်!” ငရဲကေရီ၏
အသံသည် ယခင်အတိုင်းပင်
တည်ငြိမ်နေပြီး လုံးဝ ငြိမ်သက်နေသည်။

မန်းရှီ၏ မျက်နှာသည် ပို၍ပင်
ပြင်းထန်လာသည်။ သူ
တိုက်ခိုက်တော့မည့်အချိန်မှာပဲ အဘိုးအိုက

သူ့ကိုတားပြီး "မြင့်မြတ်တဲ့ ငရဲကေရီ၊
ငါမန်းယွမ်က သူ့ကိုသင်ကြားပေးဖို့
ပျက်ကွက်ခဲ့တဲ့အတွက် တောင်းပန်ပါတယ်။
ယန်မန်းကို မင်းနဲ့အတူ ခေါ်သွားလိုက်ပါ။
ငါ့ရဲ့မန်းကလန်က မြင့်မြတ်တဲ့ငရဲကေရီကို
တားမှာမဟုတ်ဘူး။"

ငရဲကေရီက စကားထပ်မပြောတော့ပေ။
နောက်ကိုလှည့်၍ ထွက်ပေါက်ဆီသို့
လျှောက်သွားသည်။

ထိုအချိန်တွင် မှူချင်းဖန်နှင့်အဖွဲ့သည်လည်း ငရဲကေရီ နောက်ကနေ အလျင်အမြန်လိုက်လာသည်။

ယန်ယဲ့ လည်း လိုက်ပါလာသည်။ သို့သော် တံခါး၀ ရောက်ချိန်တွင် ရုတ်တရက် ရပ်သွားလိုက်သည်။ သူက လှည့်ကြည့်လိုက်ပြီး မန်းရှီနှင့် လူတိုင်းကို ကြည့်ကာ "စိတ်မပူပါနဲ့ ငါမင်းတို့အားလုံးကို စိတ်ပျက်စေမှာ မဟုတ်ဘူး။ အများဆုံးမှ ၂ နာရီပဲကြာမယ်။

သေချာပေါက် ၂ နာရီအတွင်းပြန်လာမှာ။
ငါ့ကို စောင့်နေကြ။"

မန်းရှီက ရှေ့ကို ခြေတစ်လှမ်းခုန်လိုက်ရာ ယန်ယဲ့၏ ရှေ့တွင် ရောက်လာသည်။ သူက အရုပ်ဆိုးနေသောမျက်နှာအမူအရာဖြင့် "ကောင်းပြီ၊ ငါမင်းကိုစောင့်နေမယ်။ သေချာတယ်... မင်းပြန်မလာရင် ငါ့မြေးပဲ။"

ယန်ယဲ့က "ငါပြန်လာရင် မင်းက ငါ့မြေးပဲ" ဟု ပြန်ပြောလိုက်၏။

“ကောင်းပြီ!” မန်းရှီက ပြင်းပြင်းထန်ထန် ရယ်မောလိုက်လေသည်။ "ကောင်းပြီလေ၊ မင်းပြန်လာရင် မင်းငါ့ကို မင်းရဲ့မြေးလို့ ခေါ်ရင်တောင် အဆင်ပြေတယ်!"

"ကောင်းပြီ ငါ့မြေး! အဘိုးပြန်လာတာကိုစောင့်!" ယန်ယဲ့က သူ့လက်ကို ဆန့်ကာ မန်းရှီ၏ မျက်နှာကို တစ်ချက်ပုတ်လိုက်ပြီး ထွက်သွားခဲ့သည်။

"မင်းပြန်လာရင် ပိုကောင်းမယ်!" မန်းရှိက လက်သီးများကို တင်းဆင်းဆုပ်ထားရင်း မျက်လုံးထဲတွင် အေးစက်စက်အလင်းတန်းတစ်ခု ဖျတ်ခနဲ တောက်ပလာပြီး ပြောလိုက်သည်။

...

မှူးချင်းဖန်၏ စောင့်ရှောက်မှုဖြင့်
ဖူဂျင်းရှန်ကို ထားခဲ့ပြီးနောက် ယန်ယဲ့ဟာ
လနတ်သမီးခန်းမကနေ ချက်ချင်း
ပြန်ထွက်လာခဲ့လေသည်။

သို့သော် တံခါးဝသို့ ရောက်လာချိန်တွင်
တစ်စုံတစ်ယောက်က တားသဖြင့်
ရပ်လိုက်ရသည်။

မှူးချင်းဖန်....

“နင်တကယ်ပဲပြန်သွားမှာလား” ဟု မေးလိုက်သည်။

ယန်ယဲ့က "ငါက သူ့ကို အဘိုးလို့ မခေါ်ချင်ဘူး!"

မူချင်းဖန်က သက်ပြင်းတစ်ချက်ချလိုက်ပြီး "မန်းကလန် တည်ရှိနေတာ တော်တော်ကြာပြီ။ သူတို့က ခန္ဓာကိုယ်သန့်စင်တဲ့ မျိုးနွယ်ပဲ။

သူတို့ရဲ့မွေးရာပါစွမ်းအားက ထူးခြားလို့
ခန္ဓာကိုယ်သန့်စင်တဲ့အခါ
ခွန်အားနှစ်ဆက်ရတယ်။ ဒါပေမဲ့
အချိန်တွေကြာလာတဲ့နောက်မှာ
သူတို့ရဲ့မွေးရာပါစွမ်းအားက
တဖြည်းဖြည်းနဲ့အားနည်းလာခဲ့တယ်။
အရင်ကလိုမျိုးတော့
သိပ်ပြီးမထူးခြားတော့ဘူး။ ဒါ့ကြောင့်
မန်းကလန်က
အတော်လေးကျဆင်းသွားတာပဲ။
ဒါတောင်မှ သူတို့ရဲ့အရန်အင်အားနဲ့

စွမ်းအားတွေကို
လျှော့တွက်လို့မရသေးဘူး။"

သူမ ဒီအထိပြောပြီးချိန်မှာတော့ ယန်ယဲ့ကို
တစ်ချက်ကြည့်လိုက်ပြီး "သူတို့ရဲ့
ရည်ရွယ်ချက်က နင့်ရဲ့ကျင့်ကြံတဲ့နည်းလမ်း
ဒါမှမဟုတ် နင့်ရဲ့ခန္ဓာကိုယ်သွေးမျိုးဆက်ကို
လိုချင်နေတာဖြစ်နိုင်တယ်။
ဘာကြောင့်လဲဆိုတော့ မန်းကလန်ကလွဲရင်
သိုင်းကေရာဇ်အဆင့်မှာ ဘယ်သူမှ
သူတော်စင်တစ်ပိုင်းအဆင့် အောက်

ကြောက်စရာကောင်းတဲ့ ရုပ်ခန္ဓာကိုယ်ကို သန့်စင်နိုင်တာမရှိသေးဘူး။"

ယန်ယွဲ့က ရုတ်တရက် မေးလိုက်သည် "မန်းကလန်မှာ သူတော်စင်တစ်ပိုင်းအဆင့် ရှိသလား"

"အနည်းဆုံး ၅ ပါး။" မူချင်းဖန်က အသံတိုးတိုးလေးနဲ့ပြောလိုက်ပါသည်။ "နှင့်မိတ်ဆွေအတွက်

လက်စားချေချင်တဲ့စိတ်ကို ငါသိပါတယ်။
ဒါပေမဲ့ အခုက တကယ်ကို
အချိန်မတန်သေးဘူး။ ဒါ့ပြင် အခုသွားရင်
နင့်အသက်ကိုတောင် စွန့်ရဦးမယ်။”

"စိတ်မပူပါနဲ့။ ငါ့အသက်ကို ဘယ်တော့မှ
မစွန့်လွှတ်ဘူး!" သူပြောပြီးသည်နှင့်
မှူချင်းဖန်ကို ဂရုမစိုက်တော့ဘဲ ချချင်းပင်
ပျောက်သွားသည်။

ယန်ယဲ့ ထွက်သွားပြီးသည်နှင့် မူလင်းက မူချင်းဖန်၏ ဘေးနားတွင် ပေါ်လာပြီး "သူအသက်ရှင်လျက် ပြန်လာနိုင်မယ်လို့ ထင်လား"

"ငါ သူ့ကို တကယ် နားမလည်နိုင်ဘူး!" မူချင်းဖန်က လေးနက်စွာ ပြောခဲ့သည်။ "သူ့ရဲ့အစစ်အမှန်ခွန်အားကို ငါမမြင်နိုင်ဘူး။ သူ အသက်ရှင်လျက် ပြန်လာနိုင်မလားဆိုတာကတော့ ငရဲကေရိက သူ့အတွက်

ထပ်ပေါ်လာမလားတဲ့အပေါ်မှာ
မူတည်ပါတယ်။ မဟုတ်ရင် သူ သေမှာ
သေချာတယ်။ သူတော်စင်တစ်ပိုင်းအဆင့်
၅ ပါးက သူ ခုခံနိုင်တဲ့ အရာမဟုတ်ဘူး။”

"ငါတို့ကော? ငါတို့
သူ့ကိုလက်မငှားသင့်ဘူးလား" မူလင်းက
"မန်းကလန်က
ငါတို့လနတ်သမီးခန်းမရဲ့အဖွဲ့ဝင်တစ်ယော
က်ကို ဖမ်းပြီး နင့်ကို လူရှေ့သူရှေ့မှာ

စော်ကားတယ်။ ငါတို့က ဒါကို
ငြိမ်နေရမလား။"

"တစ်ခြားဘာများ?" မှူချင်းဖန်က
သူမခေါင်းကိုခါလိုက်ပြီး
"မြင့်မြတ်ခန်းမတွေရဲ့ အကြီးအကဲ
အတော်များများက ငါတို့ကို
တကယ်ဂရုစိုက်ကြတယ်၊ ဒါပေမဲ့ အဲဒါက
လနတ်သမီးခန်းမ ဖြစ်နေလို့။
ငါတို့အတွက်နဲ့ မန်းကလန် ကို သေတဲ့အထိ
တိုက်ခိုက်မယ်လို့ ထင်လား။ မဟုတ်ဘူး!

ငါတို့က သူတို့ဆီကို အကူအညီတောင်းရင်
သူတို့က ရင်ကြားစေ့ဖို့ပဲ
တောင်းဆိုလိမ့်မယ်။”

၈၇၅

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၈၇၅ - ငါ့မြေး! အဘိုး ဒီမှာ

မူလင်း သည် သူမ၏မျက်လုံးများမှတဆင့် အကူအညီမဲ့မှုများ ပေါ်လာကာ သက်ပြင်းကို ဖြည်းညှင်းစွာ ချလိုက်ပါသည်။

“ဒါပေမဲ့….” စကားကို ခဏရပ်ထားရင်း မူချင်းဖန်၏ မျက်လုံးထဲတွင် ရက်စက်ကြမ်းကြုတ်သောအမူအရာများနှင့် “မန်းကလန်က ငါ့ရဲ့လနတ်သမီးခန်းမကို စော်ကားတဲ့အပြင် ငါ့ကိုလည်း စော်ကားတယ်၊ ငါက ဒီကိစ္စကို ဘယ်လို

ငြိမ်ခံနိုင်မှာလဲ။ငါတို့မှာ မြင့်မြတ်ခန်းမတွေရဲ့

အကြီးအကဲတွေမရှိရင်တောင်မှ ငါ့ဘေးမှာ

သူတော်စင်တစ်ပိုင်းအဆင့်တွေရှိနေတာပဲ။

ကောင်းပြီ။ လနတ်သမီးခန်းမရဲ့

သိုင်းကျောဇ်တွေအားလုံး အခုချက်ချင်း

စုရုံးဖို့ ငါ့အမိန့်ကို ထုတ်ပြန်လိုက်။ အခု

သူတို့ဘာတွေပဲလုပ်နေပါစေ

ချက်ချင်းလူစုပြီး မန်းကလန်ကို သွားမယ်။”

"ဒါပေမဲ့ ငါတို့မှာ
သူတော်စင်တစ်ပိုင်းအဆင့် မရှိဘူးလေ။"
မူလင်းက တိုးညှင်းစွာ ပြောလိုက်သည်။

"လနတ်သမီးခန်းမမှာ သိုင်းကျောင်းတွေ
အများကြီးရှိပေမဲ့ သူတို့တွေက
မန်းကလန်ကို ခြိမ်းခြောက်ဖို့ မဖြစ်နိုင်ဘူး။
မန်းကလန်မှာ အနည်းဆုံး
သူတော်စင်တစ်ပိုင်းအဆင့် ၅ ပါးရှိတယ်။
ငါတို့ရဲ့ လက်ရှိအင်အားက

သူတော်စင်တစ်ပိုင်းအဆင့် ၅ ပါးကို ဘယ်လိုမှရင်ဆိုင်မှာမဟုတ်ဘူး။"

“ဒါပေမဲ့ ဘာဖြစ်လဲ။ ငါ့အဘိုးက သူတော်စင်တစ်ပိုင်းအဆင့်၊ ငါ့အဖွားလည်း သူတော်စင်တစ်ပိုင်းအဆင့် ပဲလေ။ ပြီးတော့ အကြီးအကဲလီ နဲ့ အကြီးအကဲတန် တို့သာ ပါမယ်ဆိုရင် လုံလောက်သွားပြီ။” မူချင်းဖန်က လေးနက်စွာပြောလိုက်သည်။

"ခန်းမသခင်၊ နင့်ရဲ့ကလန်ကနေ
အကူအညီတောင်းဖို့
ရည်ရွယ်ထားတာလား။" မူလင်းလည်း
အံ့ဩသွားသည်။

" သူတော်စင်တစ်ပိုင်းအဆင့်အောက်က
ရန်သူဆိုရင် ငါ့ကလန်ရဲ့ခွန်အားကို
ယူမသုံးပါဘူး။ ဒါပေမဲ့ သူတို့က ငါတို့ကို
သူတော်စင်တစ်ပိုင်းအဆင့်တွေနဲ့ပြထား
တော့ ငါတို့သာ အကူအညီမတောင်းရင်
လူမိုက်တွေ ဖြစ်သွားမှာပေါ့။

သွား...

လနတ်သမီးခန်းမရဲ့ အဖွဲ့ဝင်တွေကို

မန်းကလန်ဆီချီတက်ဖို့ ပြောလိုက်။"

မှူးချင်းဖန်က

အေးစက်စက်ပြောလိုက်လေသည်။

မှူးလင်း သည် ခေါင်းညိတ်ပြီး

နောက်သို့ညွှတ်ကာ ထွက်သွားသည်။

ဤအချိန်တွင် မူချင်းဖန်က ယန်ယဲ့
ထွက်ခွာသွားသည့် လမ်းကြောင်းကို
စိုက်ကြည့်ရင်း သူမ၏
အတွေးများပျောက်နေပုံရသည်။
ငရဲကေရီက အသိအမှတ်ပြုနေသည်ဖြစ်ရာ
ထိုလူဟာ မည်သို့မျှ
သာမန်လူဖြစ်နိုင်မည်နည်း။

အမှန်တော့ မန်းကလန် ကို တိုက်ခိုက်ရန်
မထိုက်တန်သောကြောင့် သူမက

ပြန်လည်သင့်မြတ်ရေးကို ရှာဖွေရန်သာ ရည်ရွယ်ခဲ့သည်။

သို့သော် နောက်ဆုံးတွင် သူမ စိတ်ပြောင်းသွားသည်။

အကြောင်းအရင်းမှာ မန်းရှီက သူမကို စော်ကားရန် မန်းကလန်၏ သူတော်စင်တစ်ပိုင်းအဆင့်များကို အသုံးပြုခဲ့သဖြင့် အလွန်ဒေါသထွက်သွားခဲ့ခြင်းဖြစ်သည်။

ထို့အပြင် မူလင်း ကြောင့်လည်းပါသည်။

အစောပိုင်းက မန်းကလန် ကို
လက်စားချေရန် မဖြစ်နိုင်ကြောင်း သူမ
ပြောလိုက်ချိန်တွင် မူလင်း၏ မျက်လုံးထဲ၌
အကူအညီမဲ့ခြင်းနှင့် မလိုလားခြင်းများကို
သတိထားမိခဲ့သည်။

အရေးအကြီးဆုံးကတော့ သူမကိုယ်တိုင်
လျောင်ပြောင်မိခြင်းပင်။ အဖွဲ့အစည်းတစ်ခု၊
မျိုးနွယ်စု သို့မဟုတ် လူတစ်ဦးသည်
အားနည်းနေနိုင်သော်လည်း ၎င်းသည်
ခေါင်းငုံ့ငြိမ်ခံနေ၍မရပေ။ အကယ်၍

၎င်းသည် ဖြေရှင်းဝံ့ခြင်းမရှိပါက
လုံးဝပြီးသွားမည်ဖြစ်သည်။

ထို့ကြောင့် သူမသည် ယန်ယဲ့၏
အကျိုးအတွက် တိုက်ခိုက်ခြင်းမဟုတ်သလို
လနတ်သမီးခန်းမ အတွက်လည်း
တိုက်ခိုက်ခြင်းမဟုတ်ပေ။ အဓိကကတော့
သူမကိုယ်တိုင်ပင်။ သူမ၏ဆုံးဖြတ်ချက်နှင့်
ဂုဏ်သိက္ခာကို မဆုံးရှုံးချင်ပေ။

သိပ်ပင်မကြာလိုက်ပေ၊
လနတ်သမီးခန်းမ၏ သိုင်းကျောဇ်များ
အားလုံး ဝင်ပေါက်ရှေ့တွင် စုရုံးခဲ့ကြသည်။
အားလုံးပေါင်း သိုင်းကျောဇ် ၁၅၀
ကျော်ရှိလေသည်။

မူချင်းဖန်က လူတိုင်းကို
စိုက်ကြည့်နေချိန်တွင် "မန်းကလန်က
ငါတို့လနတ်သမီးခန်းမရဲ့ အဖွဲ့ဝင်တစ်ဦးကို
အကြောင်းပြချက်မရှိဘဲ ဖမ်းဆီးတယ်။
ပြီးတော့ သူမကို

ပြင်းထန်တဲ့ဒဏ်ရာရစေတယ်။ ပြီးတော့ ငါနဲ့ငါ့ရဲ့ လနတ်သမီးခန်းမကိုပါ စော်ကားခဲ့တယ်။ ဒီအတွက် တရားမျှတမှုကို ရှာသင့်တယ်လို့ အားလုံး ထင်ကြလား။”

"သူတို့ သေသင့်တယ်! သူတို့ကိုသတ်ပစ်ပါ။ ခန်းမသခင်ကို ဘယ်လို စော်ကားရဲတာလဲ။ သူတို့ကို သေအောင် သတ်ပစ်မယ်!”

"သူတို့ကိုသတ်ပစ်လိုက်!"

“ငါတို့က အဲဒီမန်းကလန်ကို လုံးဝသတ်ပစ်ရမယ်။ ဒါမှမဟုတ်ရင် အနာဂတ်မှာ ငါ့ကိုယ်ငါ လနတ်သမီးခန်းမရဲ့ အဖွဲ့ဝင်လို့ ခေါ်ရမှာ ရှက်နေလိမ့်မယ်။ အဆွေးနှင်းပွင့်ကို ကြည့်လိုက်။ သူတို့အဖွဲ့ဝင်တွေက အပြင်သွားတဲ့အခါ သူတို့ရဲ့ဝတ်စုံကိုတောင် မဝတ်ရဲကြဘူး။ ငါသူတို့လိုအဆုံးသတ်ချင်ဘူး! ဒီတော့ တိုက်ခိုက်ကြရအောင်!"

လနတ်သမီးခန်းမ၏ အဖွဲ့ဝင်များအားလုံး အမျက် ဒေါသထွက်နေသည်ကို မြင်လိုက်ချိန်တွင် မူချင်းဖန် လည်း အတော်လေး ဝမ်းသာသွားမိသည်။

မန်းကလန် ပိုင်ဆိုင်ထားသည့် ခွန်အားကို သူတို့ ရှင်းရှင်းလင်းလင်း သိထားသည့်တိုင် မည်သူမျှ နောက်ပြန်ဆုတ်သွားခြင်းမရှိပေ။

မူချင်းဖန်က ဆက်လက် ပြောလိုက်ပါသည်။

"အခု ယန်မန်းက မန်းကလန်ကို တိုက်ခိုက်ဖို့

သွားပြီ။ ငါတို့က သူ့ကို တစ်ယောက်တည်း
ထားလို့ မရဘူး။ အားလုံးကြားလား။
မင်းတို့ရဲ့ အရှိန်ကို အမြင့်ဆုံးထိမြှင့်ပြီး
မန်းကလန်ကို
အမြန်ရောက်အောင်သွားကြ။
သွားရအောင်!" စကားပြောနေရင်းဖြင့်
မှူချင်းဖန်၏ ခန္ဓာကိုယ်သည်
အလင်းတန်းတစ်ခုအဖြစ်ပြောင်းကာ
မန်းကလန် ရှိရာသို့
တဟုန်ထိုးပျံသန်းသွားပါတော့သည်။

သွားကြမယ်.....

ထို့နောက်တွင်တော့ အလင်းတန်းပေါင်း ၁၀၀ ကျော် သည် မှုချင်းဖန်၏ နောက်ကနေ လျှင်မြန်စွာ ပျံသန်းလာပြီး မန်းကလန် ဆီသို့ အပြေးလာနေကြသည်။

မကြာခင်မှာပင် လနတ်သမီးခန်းမက မန်းကလန်ကိုတိုက်ခိုက်သည့် သတင်းဟာ ရှေးဟောင်းမြင့်မြတ်မြို့တော် အနှံ့သို့ ပြန့်နှံ့သွားခဲ့လေသည်။

လူတိုင်း တုန်လှုပ်သွားကာ စစ်ပွဲကို
စိတ်ဝင်တစားကြည့်လိုသောကြောင့်
မန်းကလန် ဆီသို့ အလျင်အမြန်
ရောက်လာခဲ့ကြသည်။

"မန်းကလန်က အဲဒီလူယန်မန်းကို
ပြဿနာရှာတာလို့ ငါကြားတယ်။ ဒါကြောင့်
လနတ်သမီးခန်းမတစ်ခုလုံး
စစ်ကြေညာလိုက်တာ။ ဟီးဟီး!
ဘာပဲဖြစ်ဖြစ် ငါတော့ ရှုံးပွဲတစ်ခု
ကြည့်ရဦးမယ်။"

"ယန်မန်းက မရိုးရှင်းပေမယ့် မန်းကလန်က နှစ်ထောင်သောင်းမကအောင် တည်လာခဲ့တဲ့ကလန်ကြီးတစ်ခုဆိုတော့၊ သူတို့ရဲ့အင်အားနဲ့ လျှို့ဝှက်စွမ်းအားတွေက လနတ်သမီးခန်းမ ယှဉ်နိုင်မယ်မထင်ဘူး။ ဒီတစ်ခါတော့ ယန်မန်းက သေတော့မှာပဲ၊ လနတ်သမီးခန်းမ လည်း သူနဲ့အတူ ပျက်စီးတော့မယ်။"

“ဟမ့်။ မင်းက အရူးလား။အဲဒါက သချာပေါက်မဖြစ်နိုင်ဘူး။ ယန်မန်းက ရုတ်တရက်ကြီးပေါ်လာပြီး နာမည်ကျော်ကြားခဲ့တယ်။ သူ့နောက်မှာ ပညာရှင် ဒါမှမဟုတ် အစွမ်းထက်နောက်ခံတစ်ခု ရှိတယ်၊မရှိဘူးဆိုတာ မင်းသိနိုင်လို့လား။"

"တကယ်ပါပဲ။ အဲဒါက ဖြစ်နိုင်လောက်တယ်။ သူက မန်းကလန်ကို

တိုက်ခိုက်ရဲတယ်ဆိုမှတော့ သူ့မှာ ဝှက်ဖဲ
တစ်မျိုးမျိုး ရှိမှာ သေချာတယ်။”

"ကောင်းပြီ၊ အပိုစကားတွေရပ်ပြီး
မြန်မြန်သွားရအောင်။
ငါတို့နောက်ကျရင်ပြပွဲကို
လွဲချော်သွားလိမ့်မယ်!”

၈၇၆

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၈၇၆ - မန်းကလန် နှင့်

ထိပ်တိုက်ရင်ဆိုင်

မှန်ပါသည်။ ယန်ယွဲ့လည်း မန်းကလန်တွင်

သူတော်စင်တစ်ပိုင်းအဆင့် ၅ ပါး

ပိုင်ဆိုင်မှန်းသိပါသည်။

သို့ရာတွင် သူက ရှေ့ကိုသာ

ဆက်သွားနေဆဲပင်။

"ဓားသမားတစ်ဦးသည်
ဓားကိုပြန်သိမ်းတာထက်
ဓားကျိုးသည်အထိ တိုက်ခိုက်ရမည်။
ဓားပညာရှင်တစ်ဦးက ဓားကို
ဆွဲထုတ်ပြီးသည်နှင့်
ရှေ့ဆက်သွားရပေမည်။"

အကယ်၍ ဤအတွေးကိုသာ
တစ်စုံတစ်ယောက်ကြားသွားပါက အလွန်
ထိတ်လန့်တုန်လှုပ်သွားပါလိမ့်မည်။

ဓားသမားတစ်ဦး၏ လက်ထဲမှဓားက
ပြိုင်ဖက်၏ အင်အားရှေ့တွင်
ဦးညွှတ်နေပါက အနိုဓားသမားဟာ လုံးဝ
အမှိုက်ဖြစ်သွားလိမ့်မည်။

ဓားသမားက ဓားကို ဆွဲထုတ်ပြီးနောက်
တုံ့ဆိုင်းနေပါက ၎င်း၏ စိတ်ဆန္ဒသည်
ဓားကိုလွှဲယမ်းရန် မည်သို့
ရှင်းလင်းမည်နည်း။

လိုအပ်ပါက ဓားကိုဆွဲထုတ်ပြီး ခုတ်ပိုင်းရမည်။ရန်သူသည် အားနည်းသည်ဖြစ်စေ အားကောင်းသည်ဖြစ်စေ။ မှန်ပါသည်။ ကောင်းကင်အဆင့် ဓားသမားတစ်ဦးက သူတော်စင်တစ်ပိုင်းအဆင့် နှင့် ရင်ဆိုင်ရချိန်တွင် ဓားဆွဲထုတ်ရမည်ဟု မဆိုလိုပေ။

နောက်ဆုံးတွင် ၎င်းသည် ရဲရင့်ခြင်းမဟုတ်ပါ။ လူမိုက်တုံးအသူသာဖြစ်သည်။

ဓားဆွဲထုတ်သည့်အချိန်တွင်
ဓားဆွဲထုတ်ခြင်းက
ပြတ်သားသောစိတ်ဆန္ဒ၊ မကြောက်မရွံ့၊
ဆုံးဖြတ်ချက်နှင့် ရဲစွမ်းသတ္တိကို
ရည်ညွှန်းသည်။

ရိုးရိုးရှင်းရှင်း ပြောရလျှင် တိုက်ပွဲက
အောင်နိုင်မည်လား ရှုံးနိမ့်မည်လား
ဟူသည့်အပေါ် စဉ်းစားနေစရာမလိုပေ။

၎င်းကို မစဉ်းစားခင် အရင်ဦးဆုံး
တိုက်ခိုက်ရမည်ဖြစ်သည်။ အကယ်၍
မနိုင်ပါက အခြေအနေနှင့်အချိန်အခါကို
ကြည့်ပြီး ထွက်ပြေးနိုင်သည်။

"ငါ့မြေး! မင်းရဲ့အဘိုး ဒီမှာ!" ယန်ယဲ့သည်
မန်းကလန်၏ တံခါးဝသို့
ရောက်လာချိန်တွင်
ဆန်းကြယ်ချီစွမ်းအင်ကို ထည့်သွင်းပြီး
အော်လိုက်သည်။

သူ၏အသံက ဆန်းကြယ်ချိစွမ်းအင်နှင့်
ပေါင်းစပ်ထားသည်ဖြစ်ရာ ကီလိုမီတာ
၅၀၀ နီးပါး အကွာအဝေးကပင်လျှင်
ရှင်းရှင်းလင်းလင်း ကြားနိုင်ပါသည်။

ဤအချိန်တွင် ကလန်ဂိတ်တံခါးက
ပွင့်သွားပြီး မန်းရို နှင့် အဘိုးအို ၄ ယောက်
အတွင်းကနေ ဖြည်းညှင်းစွာ
ထွက်လာကြသည်။

"ဒီလောကမှာ သေခြင်းတရားကို
မကြောက်တဲ့ သူတွေလည်း ရှိတယ်။
ဒါပေမဲ့ စိတ်မပူပါနဲ့ ငါမင်းကို
မြန်မြန်သေစေမှာမဟုတ်ဘူး။
ဒီကမ္ဘာကြီးမှာ သေခြင်းထက်
ပိုကြောက်စရာကောင်းတဲ့ အရာတွေ
အများကြီးရှိတယ်လေ။ ငါ မင်းကို
တစ်ခုပြီးတစ်ခု တွေ့ကြုံခံစားခွင့်ပေးမယ်။"
မန်းရှီ သည် ပြုံးနေသေးသော်လည်း
ထိုအပြုံးသည် အနည်းငယ် ရှုံ့သွပ်မှုနှင့်
ရက်စက်မှုတို့ကို သယ်ဆောင်လာသည်။

ယန်ယဲ့ သည် သူ၏ညာလက်ကို
ဝှေ့ယမ်းလိုက်ရာစာရွက်တစ်ရွက်က
မန်းရှီဆီသို့ ဖြည်းညှင်းစွာ လွင့်ပျံလာသည်။
"ဒါက သေခြင်း၊ရှင်ခြင်း တိုက်ပွဲအတွက်
သဘောတူညီချက်တစ်ခုပဲ။ မင်းက
ခန္ဓာကိုယ်သန့်စင်တဲ့သူဖြစ်သလို ငါလည်း
အတူတူပဲ။ ဒါ့ပြင် ငါ့ရဲ့ကျင့်ကြံမှုက
မင်းထက်နိမ့်နေတော့ လက်မှတ်ထိုးဖို့
မကြောက်ဘူးမဟုတ်လား။ သေချာပါတယ်၊
မင်းရဲ့နောက်ကွယ်က

သူတော်စင်တစ်ပိုင်းအဆင့် ၄ ပါးကို တိုက်ခိုက်ခိုင်းရင်တော့ ကျေးဇူးပြုပြီး ဖယ်လိုက်ပါ။ ဘာလို့လဲ ဆိုတော့ ငါက သူရဲဘောကြောင်တဲ့သူတွေနဲ့ စကားပြောရတာ မကြိုက်ဘူး!"

“မင်း ငါ့ကို တမင်ဆွဲဆောင်နေတာ ငါသိပါတယ်၊ ဒါပေမဲ့ အဆင်ပြေတယ်။ ငါလည်း မင်းကို သတ်ချင်နေတာလေ။" မန်းရှီက သူ၏လက်ညှိုးကို ပွတ်ဆွဲလိုက်ရာ သွေးတစ်စက်က

သဘောတူညီချက်စာရွက်ပေါ်သို့
ပုံတက်သွားသည်။

သွေးစာချုပ်တွင် သဘောတူကြောင်း
ရေးထိုးထားပြီဖြစ်ရာ သေခြင်း၊ရှင်ခြင်းကို
တိုက်ခိုက်သူနှစ်ယောက်သာလျှင်
ဆုံးဖြတ်ရပေမည်။

ရုတ်တရက်၊ မန်းရှီ၏ နောက်ကွယ်မှ
အဘိုးအို ၄ ယောက်၏ အမူအရာများသည်

ပြောင်းလဲသွားကာ ကောင်းကင်သို့
တက်ညီလက်ညီ မျှော်ကြည့်လိုက်ကြသည်။
အလင်းတန်း ၁၀၀ ကျော် ကောင်းကင်ကို
ဖြတ်၍ လျင်မြန်စွာ ပျံသန်းလာကာ
မကြာမီပင် မှူချင်းဖန် နှင့်
လနတ်သမီးခန်းမ၏ အဖွဲ့ဝင်များအားလုံး
ယန်ယဲ့၏ဘေးနားတွင် ပေါ်လာခဲ့ပါသည်။

သိုင်းဧကရာဇ် ၁၀၀ ကျော်။

အဘိုးအိုမန်းယွမ်က ချက်ချင်း
မျက်မှောင်ကြုတ်ပြီး သူ့ဘေးနားရှိ
အဘိုးအိုနှင့် အတူတူပင်။

"မင်းတို့အားလုံး ဒီကို ဘာလာလုပ်တာလဲ"
ယန်ယဲ့ခည်း ရုတ်တရက်
အဖြစ်ပျက်ကြောင့် အတော်လေးကို
အံ့သြသွားလေသည်။

“ဒါက နင်နဲ့မဆိုင်ပါဘူး။ ငါတို့လနတ်သမီးခန်းမနဲ့လည်း သက်ဆိုင်တယ်။” မှူချင်းဖန်က မန်းရှိကို တစ်ချက်ကြည့်လိုက်ပြီး "မန်းကလန်က လနတ်သမီးခန်းမရဲ့အဖွဲ့ဝင်တစ်ယောက်ကို ပေါ်တင် ဖမ်းဆီးခဲ့တယ်။ ငါ့ရဲ့ လနတ်သမီးခန်းမက ဒါကိုဘာမှပြန်မလုပ်ရင် ရှေးဟောင်းမြင့်မြတ်မြို့တော်မှာ ဘယ်လိုဆက်နေမလဲ။"

"မူချင်းဖန်၊ ဒီလောက်နဲ့ပဲ လာတာလား။"

မန်းရှီက စကားပြောနေစဉ်

သူ့မျက်လုံးတွေမှာ တပ်မက်မှု

အရိပ်အယောင်များ ရှိနေသည်။

"မင်းရဲ့ရုပ်ရည်ကို ဘယ်သူမှ

မျက်စိကျဖူးတာ မဟုတ်ဘူးလို့

ငါကြားတယ်။ မင်းဘယ်လိုထင်လဲ။ ဒါပေမဲ့

ဒီနေ့ မင်းမျက်နှာကို

မျက်စိမှိတ်တင်ထားရုံတင်မကဘဲ

ကိုယ်လုံးတီးနဲ့တောင် မင်းကိုမြင်ရဦးမယ်။

ဟားဟား…။"

ထိုစကားကိုကြားသောအခါ မှူချင်းဖန်၏ မျက်လုံးထဲတွင် သတ်ဖြတ်ချင်စိတ်များ မြင့်တက်လာသလို လနတ်သမီးခန်းမ၏ အဖွဲ့ဝင်များအားလုံးလည်း ဒေါသထွက်သွားကြသည်။

"ခွေးကောင်၊ မင်းရဲ့ဘိုးဘေးတွေကို စုပ်သတ်လိုက်။ မင်းမှာ မန်းကလန်ရဲ့ နောက်ခံမရှိရင် မင်းလို အမှိုက်ကို တစ်နေ့ ၁၀ ကြိမ် သတ်ပစ်နိုင်တယ်!"

"လုံလောက်ပြီ။ ခန်းမသခင်၊ အမိန့်ပေးပါ။ ငါတို့ အဲဒီကောင်ကို သတ်ပစ်မယ်!”

"ခန်းမသခင်! အမိန့်ပေး။ ဒီနေ့ မန်းကလန်ကို ဖျက်ဆီးလိုက်မယ်။”

လနတ်သမီးခန်းမ၏အဖွဲ့ဝင်အများစုမှာ လူငယ်များဖြစ်ရာ အားလုံး စိတ်ဓာတ်၊ အားမာန်များဖြင့် ပြည့်နှက်နေပါသည်။

မန်းရှီ၏ နောက်ကွယ်က
သူတော်စင်တစ်ပိုင်းအဆင့် ၄ ပါးကို
သတိမထားမိသောကြောင့် မဟုတ်ပေ။

အကြောင်းအရင်းက
ဂရုစိုက်စရာမလိုသောကြောင့်ပါ။

သူတို့တွင်လည်း မန်းကလန်ကို
ရင်ဆိုင်နိုင်သည့်
အင်အားရှိနေသည်မဟုတ်ပါလော။

"မင်းတို့အားလုံးကို အခုချက်ချင်း
ထွက်သွားဖို့ အသက်ရှူ ၃ ရှိုက်စာလောက်

အချိန်ပေးမယ်။ မဟုတ်ရင် မင်းတို့အားလုံး ကိုယ့်အသက်ကို ဒီနေရာမှာ ချန်ထားခဲ့နိုင်တယ်!" အဘိုးအိုမန်းယွမ်က မူချင်းဖန် နှင့် အခြားသူများကို အေးစက်စွာ ကြည့်လိုက်သည်။

သို့ရာတွင် အခြေအနေက ထူးခြားနေပုံရ၏။ မည်သူမျှ ကြောက်လန့်ဟန်မပြကြပေ။

၈၇၇

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၈၇၇ - မူကလန်၊ မူဟဲ

"မန်းယွမ်၊ မင်းက ဘယ်လောက်တောင် မောက်မာနေတာလဲ။" ရုတ်တရက်ဆိုသလို အကာကာသဟင်းလင်းပြင်ထဲကနေ အေးစက်စက် အသံတစ်သံ ထွက်ပေါ်လာသည်။ ထို့နောက်တွင် လမ်းလျှောက်တုတ်ကိုင်ဆောင်ထားသည့် အဘိုးကြီးတစ်ဦးနှင့် မူချင်းဖန်၏

နံဘေးတွင် အဘွားအိုတစ်ယောက်
ပေါ်လာသည်။ အဘိုးအိုသည် မန်းယွမ်ကို
အေးစက်စွာ စိုက်ကြည့်ကာ "ငါ့ကို မင်း
သူတို့အသက်ကို ချန်ထားအောင်
ဘယ်လိုလုပ်မလဲ ကြည့်ခွင့်ပေးပါ!"

"မန်းကလန်က အခုနောက်ပိုင်း
အရမ်းမောက်မာလာနေပြီ!" ထိုအချိန်တွင်
အကြီးအကဲလီ နှင့်
အခြားအဘိုးအိုတစ်ယောက် ဤနေရာသို့
ရောက်လာသည်။

သူတော်စင်တစ်ပိုင်းအဆင့် ၄ ပါး။

ဤတစ်ကြိမ်တွင် အဘိုးမန်းယွမ်နှင့် လူတိုင်း မျက်နှာပျက်သွားသည်။

အဘိုးအိုမန်းယွမ်က ဆံပင်ဖြူအဘိုးအိုကို တစ်ချက်ကြည့်လိုက်ပြီး "မူဟဲ၊ မင်းက ငါ့ရဲ့ မန်းကလန်ကို ဆန့်ကျင်ဖို့ ရည်ရွယ်ထားတာလား"

"ငါသူ့ကိုမသိဘူး!" အဘိုးအိုမူဟဲက “ငါ သူ့အတွက် ဒီကိုလာတာမဟုတ်ဘူး။

ဒီလူအိုကြီးက ငါ့ရဲ့မြေးမလေးဖြစ်တဲ့
လနတ်သမီးခန်းမသခင် အတွက်ပဲလာတာ။
တကယ်တော့ လူငယ်တွေကြားက
ပဋိပက္ခဟာ ငါတို့လို လူအိုကြီးတွေနဲ့
မဆိုင်ပါဘူး။ဒါပေမဲ့ မန်းယွမ်၊ မင်းက ငါ့ရဲ့
အဖိုးတန်မြေးမလေးကို စော်ကားပြီး
အရှက်ခွဲဖို့ မင်းရဲ့အင်အားကို
အသုံးပြုနေတယ်။ ဒီလိုဆိုတော့ ငါတို့၂
ယောက်က မင်းနဲ့ လာကစားဖို့ကလွဲလို့
ရွေးစရာမရှိတော့ဘူးလေ!"

"မင်းတို့ ၂ ယောက်ကရော အကြီးအကဲလီ?" အဘိုးအိုမန်းယွမ်က အကြီးအကဲလီကို စိုက်ကြည့်ရင်း "ဒါမှမဟုတ် ဒါက မြင့်မြတ်ခန်းမရဲ့ ရည်ရွယ်ချက်လား?"

“ဒီနေ့ ငါတို့က မြင့်မြတ်ခန်းမတွေကိုယ်စား ဒီကိုရောက်လာတာ မဟုတ်ဘူး။ ငါတို့က ကိုယ့်သဘောနဲ့ကိုယ် လာခဲ့တာ။” အကြီးအကဲလီက အပြုံးနှင့် ဆက်ပြောလိုက်၏။ “ငါတို့က လနတ်သမီးခန်းမကဆိုတော့

ဒီလိုစော်ကားတာကို သည်းမခံနိုင်ဘူး။ အခု
ငါ့ရှင်းပြတာကို မင်းကျေနပ်ရဲ့လား"

အဘိုးအိုမန်းယွမ် သည် ယန်ယဲ့ကို
စိုက်ကြည့်နေရင်းဖြင့် သူ့မျက်နှာက
မှုန်ကုပ်ကုပ်ဖြစ်လာခဲ့သည်။

ဤယန်မန်းက ပထမဆုံး ငရဲကေရီး
အကူအညီကို ရရှိလိမ့်မည်ဟု
မမျှော်လင့်ထားပေ။ ယခုအချိန်တွင် လည်း

မှူကလန် နှင့် လနတ်သမီးခန်းမ၏
အကူအညီကို ရထားပြန်သည်။

ယခင်က ယန်မန်း ဟုခေါ်သော
ဤကိုယ်ခန္ဓာသန့်စင်သူက နောက်ခမံရှိဟု
သိခဲ့သဖြင့် လှူပ်ရှားလိုက်ခြင်းဖြစ်သည်။
အကယ်၍ တစ်စုံတစ်ရာရှိခဲ့ပါက
မီးဝိညာဉ်မျိုးနွယ်စုနှင့်သာ ဖြစ်ပေမည်။

သို့ရာတွင် လက်ရှိ မီးဝိညာဉ်မျိုးနွယ်စုက
မန်းကလန် ကြောက်နေစရာမလိုတော့ပေ။

ထို့ကြောင့် ဖူဂျင်းရှန် ကို ဖမ်းဆီး၍
ယန်ယဲ့အား မျှားခေါ်လိုက်ခြင်းပင်။

တစ်ချိန်တည်းတွင် မန်းကလန်၏
လျှို့ဝှက်နည်းစနစ်ကလွဲ ၍ အခြား
မည်သည့်နည်းစနစ်ကများ ယန်မန်းအား
သူတော်စင်တစ်ပိုင်းအဆင့် နှင့်
ယှဉ်နိုင်သော ရုပ်ခန္ဓာကိုယ်
ပိုင်ဆိုင်စေသနည်းဟုသိလိုသောကြောင့်ပါ။

သို့သော် ပြဿနာသည် ဤအခြေအနေထိ ရောက်သွားလိမ့်မည်ဟု သူ့စိတ်ထဲ လုံးဝမထင်ထားမိပေ။

"ငါ့မြေးနဲ့ သေခြင်း၊ရှင်ခြင်း သဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီးပြီ၊ ဒါကြောင့် တခြားကိစ္စတွေ မပြောခင် ငါတို့ အလုပ်ကို ပြီးအောင်လုပ်ခွင့်ပြုပါ" ထိုအချိန်တွင် ယန်ယဲ့က ရုတ်တရက်ပြောလိုက်သည်။

"မင်း သေဖို့

အရမ်းစိတ်အားထက်သန်နေတာလား။"

မန်းရှီက ယန်ယွဲ့ကို

စူးစူးစိုက်စိုက်စိုက်ကြည့်နေသည်။

ဤအချိန်တွင် သူ့မျက်နှာက

အပြုံးမရှိတော့ဘဲ

သတ်ဖြတ်ချင်စိတ်များသာ ရှိနေတော့၏။

ယန်ယွဲ့က ပီပီပြင်ပြင် ပြုံးလိုက်သည်။

သူက မန်းရှီကို ကြည့်ကာ "ငါပြန်လာရင်

မင်းက ငါ့မြေးဖြစ်မယ်လို့

ပြောခဲ့တာမဟုတ်ဘူးလား။ ဘာလဲ?
ကိုယ့်စကားကိုမတည်နိုင်လို့
ပြန်ပြင်ချင်နေတာလား။”

"မင်း စကားပြောတာတော့
အရမ်းကောင်းသားကလား" မန်းရှီက
ယန်ယဲ့ ရှေ့ကို ရောက်လာပြီး
“ခဏနေရင်တော့ မင်းရဲ့အံသွားတွေကို
တစ်ချောင်းပြီးတစ်ချောင်း ရိုင်ချိုးပစ်မယ်။
ပြီးရင် မင်းရဲ့လျှာကိုဖြတ်မယ်။
ဒီလိုဖြစ်ပြီးနောက်မှာ

မင်းဒီလိုပြောနိုင်သေးလား...
ကြည့်ရအောင်။"

"ဒါဆို လာ!" ယန်ယဲ့၏ ပါးထောင့်မှာ
အေးစက်သော အပြုံးတစ်ခု လွှမ်းခြုံကာ
လက်ညိုးထောင်ပြီးကွေးပြလိုက်သည်။

“ခဏ!” မန်းရှီက
တိုက်ခိုက်တော့မည့်အချိန်တွင်
အဘိုးအိုမန်းယွမ်က

ရုတ်တရက်ပြောလိုက်သည်။ “ဒါက သေခြင်း၊ရှင်ခြင်း တိုက်ပွဲဆိုတော့ မင်းတို့အားလုံး ဝင်မစွက်ဖက်ဘူး မဟုတ်လား”

အဘိုးအိုမူဟဲ နှင့် အခြားသူများ မျက်မှောင်ကြုတ်ပြီး မူချင်းဖန်ကို စိုက်ကြည့်လိုက်ကြသည်။

သို့ရာတွင် မူချင်းဖန်က ယန်ယဲ့ကို စိုက်ကြည့်နေ

သည်။ ယန်ယဲ့က ပြုံးပြီးပြောလိုက်၏။
"ဒါက ငါနဲ့သူကြားထဲက ကိစ္စဆိုတော့
ဝင်မစွက်ဖက်ပါနဲ့။ ဟုတ်ပါတယ်၊ သူက
ငါ့အတွက် မကိုက်ညီရင် တခြားသူတွေ
ဝင်ရောက်စွက်ဖက်တာကို ရပ်တန့်အောင်
ကူညီပေးပါ။”

"ကလေး၊ စိတ်မပူပါနဲ့။
မင်းတို့နှစ်ယောက်ကြားက တိုက်ပွဲမှာ
ဘယ်သူမှ ဝင်စွက်ဖက်မှာ မဟုတ်ဘူး!"
အဘိုးအိုမူဟဲက တဖန် ယန်ယဲ့ကို

စိုက်ကြည့်ကာ "ဒါပေမဲ့ မင်းက သူနဲ့မယှဉ်နိုင်ရင်လည်း ငါတို့ ဝင်မစွက်ဖက်ဘူးလို့ ကြိုပြောပါရစေ!"

ယန်ယဲ့က အပြုံးနှင့် ခေါင်းညိတ်လိုက်ပါသည်။ "ကောင်းပြီ၊ ဒီသဘောတရားကို နားလည်ပါတယ်။"

ဤအချိန်တွင် မန်းရှီက ရုတ်တရက်ဆိုသလိုပင် ရှေ့တိုးလာပြီး လက်သီးဖြင့်ထိုးချလိုက်သည်။

ယန်ယဲ့က မျက်မှောင်ကြုတ်ပြီး

သူ၏လက်သီးကိုဆန့်ထုတ်ကာ ရှေ့သို့

လှမ်းထိုးလိုက်သည်။

သို့သော် မန်းရှီ၏ လက်သီးနှင့်

ရင်ဆိုင်တွေ့ခါနီးတွင် သူ့အမူအရာက

ရုတ်တရက် ပြောင်းလဲသွားသည်။

မန်းရှီ၏ လက်သီးချက် ဖြတ်လာသည့်

လေဟာနယ်က အပိုင်းပိုင်းပေါက်ကွဲ၍

ပြိုကျသွားသောကြောင့်ပင်။

သူ၏လက်သီးကို
ပြန်ရုတ်ရန်ပြင်လိုက်သော်လည်းနောက်ကျ
သွားပါပြီ…။

အုန်း!

လူတိုင်း
စိတ်ဝင်တစားစောင့်ကြည့်နေစဉ်မှာပဲ

ယန်ယဲ့၏ ခန္ဓာကိုယ်ဟာ
အနက်ရောင်အလင်းတန်းတစ်ခုအဖြစ်
လွင့်ပျံထွက်သွားလေတော့သည်။

"အရမ်းအားနည်းနေ…။" မန်းရှီ၏
အေးစက်စက်လှောင်ပြောင်သံ
ထွက်ပေါ်လာသည်။

မူချင်းဖန်၏ မျက်ခုံးများသည် မမျော်လင့်ထားသောကြောင့် တင်းကျပ်စွာဖိထားသည်။

နောက်ဆုံးတွင် လနတ်သမီးခန်းမ၏ အစောင့်အရှောက်ဖြစ်သည့် ယန်မန်းကို အလွန်မျော်လင့်ထားခဲ့သည်။ သို့ရာတွင် ယန်မန်းသည် မန်းရှီ၏ လက်သီးတစ်ချက်ကိုပင် ခုခံနိုင်စွမ်းမရှိဟု မမျော်လင့်ခဲ့ပေ။

"ငါ့ရဲ့ မန်းကလန်နဲ့ ခန္ဓာကိုယ်သန့်စင်ခြင်းမှာ ဘယ်သူကများ ယှဉ်နိုင်မှာလဲ" မန်းရှီက ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်ကာ မောက်မာစွာပြောလိုက်သည် " ငါမန်းရှီက ဒီနေ့ကစလို့ မြင့်မြတ်နယ်မြေရဲ့ လူငယ်မျိုးဆက်မှာ နံပါတ်တစ် ခန္ဓာကိုယ်သန့်စင်သူပဲ။

ဒါကို မင်းတို့ မယုံရင် အခု ယန်မန်းဖြစ်သွားတဲ့ အကျိုးဆက်က မင်းတို့အားလုံး တွေ့ကြုံရမယ့် အကျိုးဆက်ပဲဖြစ်လိမ့်မယ်!”

ဤအခိုက်အတန့်တွင် မန်းရှိက သူ့ကိုယ်သူ ကျေနပ်နေပုံရ၏။

သူ့မျက်နှာပေါ် ရှိ စိတ်လှုပ်ရှားမှုနှင့် ရှုံးသွပ်မှုတို့က ထင်ရှားစွာ ပေါ်လာခဲ့သည်။

သို့သော်လည်း လူတိုင်းက သူ့ကို လစ်လျူရှုထားကြောင်း သတိပြုမိသွားကာ အားလုံးကြည့်နေသည့်နေရာကို လိုက်ကြည့်မိလိုက်သည်။

ထိုအခါမှာတော့ သူ၏မျက်နှာက ချက်ချင်းပင် အေးခဲသွားလေတော့သည်။

အဘယ်ကြောင့်ဆိုသော် ယနဲ့က မတ်တပ်ထရပ်ပြီး သူ့ဆီသို့ ဖြည်းညှင်းစွာ လျှောက်လာနေသောကြောင့်ပင်။

"မင်းက တကယ်ကို မထိခိုက်ဘူး!" မန်းရှီသည် ယန်ယဲ့ကို စူးစူးစိုက်စိုက်စိုက်ကြည့်နေပြီး တိုက်ပွဲစတင်ကတည်းက ပထမဆုံးအကြိမ်အဖြစ် သူ၏မျက်လုံးများတွင်

လေးနက်သောအမူအရာကို

ထုတ်ဖော်ခဲ့သည်။

၈၇၈

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၈၇၈ - လှည့်စားခြင်း

ယန်ယဲ့ သည် မန်းရှီ ဆီသို့ ဖြည်းညှင်းစွာ လျှောက်လာပြီး "အခုနတုန်းက မင်းရဲ့ ခွန်အား ပေါက်ကွဲအား ၁၀ ဆကျော် တိုးလာတာကို ငါ ခံစားလိုက်ရတယ်။ ငါ့အထင် မင်းက လျှို့ဝှက်နည်းစနစ် တစ်ခုခုကို လေ့ကျင့်ထားတာ ဒါမှမဟုတ် ရတနာလက်နက်တစ်ခုခုတော့ ပိုင်ဆိုင်ထားတာပဲဖြစ်ရမယ်။

ဒါပေမယ့် နောက်တစ်ခုကကဲ အမှန်ဖြစ်နိုင်ခြေပိုများတယ်လို့ ခံစားမိတယ်။ ဘာကြောင့်လဲဆိုတော့

မင်းရဲ့လက်သီးတွေက ငါ့နဲ့တိုက်မိတဲ့အခါ
လူရဲ့လက်သီးနဲ့တူတယ်လို့
ငါထင်ထင်ရှားရှားခံစားရလို့ပဲ။
မင်းရဲ့ရုတနာကို
ငါတကယ်စိတ်ဝင်စားတယ်။
မင်းငါ့ကိုဘာလို့ကြည့်ခွင့်မပေးတာလဲ"

"စိတ်မပူပါနဲ့၊ မင်းမသေခင်
မျက်စိကျယ်ကျယ်ဖွင့်ပြီး မြင်ရမှာပါ။"
မန်းရှီက မျက်လုံးထဲ၌
သတ်ဖြတ်ချင်းအငွေ့အသက်များပေါ်လာပြီး

မျက်နှာတစ်ခုလုံး
မှုန်ကုပ်ကုပ်ဖြစ်သွားလေသည်။

တိုက်ပွဲအစကတည်းက သူ၏ဝှက်ဖဲကို
ထုတ်ဖော်လိုက်သည့် အကြောင်းအရင်းက
ဤတိုက်ပွဲတွင် နာမည်ကျော်ကြားရန်ပါ။
သို့သော် ယန်မန်းသည် သူ၏
ခွန်အားအပြည့်ဖြင့် အမှန်တကယ် ထိခိုက်မှု
မရှိနိုင်ဟု သူ မထင်ထားခဲ့ပေ။

သူတင်မကဘူး၊ မန်းကလန်၏

သူတော်စင်တစ်ပိုင်းအဆင့် ၄ ပါးပင်လျှင်

အံ့သြသွားခဲ့ကြသည်။

သို့သော် သို့သော် သူတို့၏ မျက်လုံးများက

မှိတ်တုတ်မှိတ်တုတ်

သတ်ဖြတ်ချင်းအရိပ်အ

ယောင်များမဟုတ်ပေ။

စိတ်လှုပ်ရှားနေသည့် အမူအရာများသာ

ရှိနေ၏။

အဘယ်ကြောင့်ဆိုသော် ယန်ယဲ့၏

ကျင့်ကြံခြင်းနည်းလမ်းက

အလွန်ကြောက်စရာကောင်းနေသည်ဖြစ်ရာ
သို့တည်းမဟုတ်
အဆင့်မြင့်ခန္ဓာကိုယ်သန့်စင်ခြင်းနည်းစနစ်
တစ်ခုကို ကျင့်ကြံထားခြင်းပင်။

နည်းစနစ်ပဲဖြစ်စေ၊ နည်းလမ်းပင်ဖြစ်ဖြစ်
မန်းကလန် အတွက်
လုံးဝသတင်းကောင်းပါပဲ။ ၎င်းသည်
မန်းကလန် အား
ခန္ဓာကိုယ်သန့်စင်မှုလမ်းစဉ်ကို ဆက်လက်
အဆင့်မြှင့်တင်နိုင်ပေသည်။

"ဒါဆို နောက်တစ်ခါ စမ်းကြည့်ရအောင်!"

ယန်ယဲ့ သည် မန်းရှီ၏ ရှေ့တွင်

ရောက်လာပြီး သူ၏လက်သီးများက

နောက်တစ်ကြိမ်

ရှေ့ကိုပြေးထွက်လာပါသည်။

သို့သော် ယခင်တိုက်ခိုက်မှုနှင့်မတူပေ။

ဤတစ်ကြိမ်တွင် သူ၏လက်သီးများက

အလွန်ကြောက်စရာကောင်းသည့်

စွမ်းအားများ ပေါက်ကွဲထွက်လာပြီး

အာကာသဟင်းလင်းပြင်သည်ပင်
တုန်ခါသွားခဲ့သည်။

မန်းရှီ သည် ဤမြင်ကွင်းကြောင့်
မျက်လုံးများ ကျဉ်းမြောင်းသွားကာ
အနည်းငယ်မျှပင် ပေါ့ပေါ့ဆဆ မလုပ်ဝံ့ပေ။

သူ၏ခန္ဓာကိုယ်ထဲရှိ
ဆန်းကြယ်ချီစွမ်းအင်က
တဟုန်ထိုးမြင့်တက်လာပြီး
လက်နှစ်ဖက်ဆီသို့
တိုက်ရိုက်စီးဝင်လာသည်။

ထို့နောက် မန်းရှိုက

သူ၏လက်သီးနှစ်ဖက်ကို ရှေ့ဆန့်ထုတ်ကာ

ယန်ယဲ့၏ လက်သီးများနှင့်

ရင်ဆိုင်ထိုးလိုက်သည်။

အုန်း!

ရောမပေါက်ကွဲသံကြီး

ထွက်ပေါ်လာပြီးနောက် နှစ်ယောက်စလုံး

နောက်ပြန်လွင့်ထွက်လာကြသည်။

သို့သော် ယန်ယဲ့ သည်
အနည်းငယ်သာနောက်ပြန်ဆုတ်လိုက်ရ၏။
တစ်ဖက်တွင် မန်းရှီကတော့ ခြေလှမ်း ၁၀၀
ကျော်ထိ ဆုတ်သွားပြီးမှသာ သူ့ကိုယ်သူ
ရပ်တန့်လိုက်နိုင်သည်။

နှစ်ယောက်စလုံး၏ ရုပ်ခန္ဓာခွန်အား
ကွာခြားချက်က ဤတွင် သိသာနေပါပြီ။
တစ်ချိန်တည်းမှာပင် ဝိုင်းအုံ အော်ဟစ်များ
ကျယ်လောင်လာပါတော့သည်။

"မန်းရှီ၊ မင်းက လူသားမျိုးနွယ်ရဲ့
နံပါတ်တစ် ခန္ဓာကိုယ်သန့်စင်သူလို့
ပြောခဲ့တာမဟုတ်ဘူးလား။ အခု မင်းဘာလို့
ရှုံးတာလဲ။ မင်း ဘယ်လို ရှုံးနိုင်မလဲ။
မဟုတ်ရင် မင်းက တမင်တကာ
ဟန်ဆောင်နေတာလား။ မင်းက
အခုလေးတင် အရမ်းမောက်မာနေတာလေ။
နောက်ဆုံးတော့ မင်းက
အရှုံးတစ်ယောက်ပါပဲလား။!"

“အဲဒီနေရာမှာ အရိုက်ခံရတာက ဘယ်လိုလဲ။ ဒါက အတိအကျပဲ။ ဟီးဟီး! မန်းရှို၊ မင်းက ဘာလို့ ရှက်ရွံ့နေတာလဲ။ မင်းတို့ မန်းကလန် ရဲ့ ကျင့်ကြံခြင်းနည်းစနစ်က အရမ်းကြောက်စရာကောင်းလို့ မင်းမျက်နှာကို နီရဲသွားစေတာများလား။"

“ငတုံးကောင်၊ အဲဒါက သူ့ရဲ့ကျင့်ကြံခြင်း နည်းစနစ်ကြောင့် မဟုတ်ဘူး၊ အဲဒါ ဒေါသကြောင့်လို့ခေါ်တယ်။ မင်းဒါကိုတောင်

မခွဲခြားတတ်ဘူးလား။ မင်းက
မျက်ကန်းဖြစ်ရမယ်!"

“ဒါဆို ဒေါသကြောင့်ဖြစ်တာပေါ့…။
ဟားဟားဟား!"

လနတ်သမီးခန်းမ၏ အဖွဲ့ဝင်များအားလုံး
ဤအချိန်မှာ မန်းရှီ ကို
လှောင်ပြောင်နေကြသည်။

သူတို့တင်မဟုတ်ပေ၊ ပတ်ဝန်းကျင်မှ
လူအများစု၏ မျက်နှာထက်မှာပင်
လှောင်ပြောင်ရိပ်များ
ဖြတ်သန်းနေပေသည်။

အမှန်တော့ အတော်များများက
တိုက်ပွဲကိုသာ ကြည့်ရှုရန်
ရည်ရွယ်ထားကြ၏။ သို့ရာတွင်
ဤကိုရောက်လာသည်နှင့် မန်းရှီ၏
မောက်မာလွန်းသည့် အပြုအမူကို
မြင်လိုက်ရာ လူတိုင်း
ရှံ့ရှာသွားကြလေသည်။

မောက်မာသောအရူးများကို ၎င်း၏
နံဘေးကလူအနည်းစုကသာ
နှစ်သက်သဘောကျကြပေမည်။

ပတ်ဝန်းကျင်မှ လှောင်ပြောင်သံကို
ကြားသောအခါ မန်းရှီ၏ မျက်နှာသည်
တုန်လှုပ်သွားသည်။ ရုတ်တရက်
သူ့ဝတ်ရုံစကို ဖမ်းဆွဲလိုက်ပြီး
ဆုတ်ဖြဲလိုက်ရာ ချက်ချင်းပင် အမှုန့်အဖြစ်
ပြောင်းလဲသွားသည်။

မန်းရှီ၏ ခန္ဓာကိုယ်ပုံစံ
ထွက်ပေါ်လာချိန်တွင် ပတ်ဝန်းကျင်မှ
ထွက်ပေါ်လာသော လှော်ပြောင်
လှော်ပြောင်သံများ ချက်ချင်းပင်
ရပ်တန့်သွားကြလေသည်။

မန်းရှီ၏ ခန္ဓာကိုယ်သည် မှင်စိမ်းရောင်ရှိပြီး
သကော်တများစွာက တစ်ကိုယ်လုံး
ဖုံးလွှမ်းထားကာ သွေးကြောများပင်လျှင်
ဖောင်းကြွလာကာဖြည်းညှင်းစွာ
တွန့်လိမ်နေသည်။

သူ့ခန္ဓာကိုယ်ပေါ် ရှိ
အစိမ်းရောင်သင်္ကေတများက
အလွန်လျှို့ဝှက်ဆန်းကြယ်ပုံပေါက်သော်လ
ည်း ပေါက်ကွဲအားနှင့်ပြည့်နေသည်။

“ဒါက ခွန်အားအစီအရင်ပဲ”
အဘိုးအိုမှုဟဲက  အနည်းငယ်
လေးနက်သော အသံဖြင့်ပြောလိုက်သည်
"သူ့ခန္ဓာကိုယ်ကို ဒီလို
အစီအရင်တွေနဲ့ရေးထိုးထားမယ်လို့
မမျှော်လင့်ထားဘူး"

"ဘာကိုဆိုလိုတာလဲ?" မှူချင်းဖန်က နားမလည်ဟန်ဖြင့် မေးလိုက်လေသည်။

အဘိုးအိုမှူဟဲက လေးလေးနက်နက် အသံဖြင့်ပြောလိုက်၏။
"အဆောင်တာအိုက ကျယ်ပြန့်ပြီးလေးနက်တယ်။ ရတနာလက်နက်တွေနဲ့ ရတနာတွေအတွက် အစီအရင်တွေရေးထိုးအသုံးပြုနိုင်သလို ခန္ဓာကိုယ်ပေါ်မှာလည်း ရေးထိုးနိုင်တယ်။

ဒါပေမဲ့ ခန္ဓာကိုယ်ပေါ်မှာ ရေးထိုးတာက အတော်လေးနာကျင်ရတယ်။ အဲလို အဆောင်၊အစီအရင်တွေက အရေပြားပေါ်မှာတင်မဟုတ်ဘူး... အရိုးတွေနဲ့ သွေးကြောတွေထဲမှာလည်း ရေးထိုးထားတယ်။ ဒါပေမယ့်လည်း သူတို့ရဲ့ခန္ဓာကိုယ်ကို အခုမန်းရှိလိုမျိုးရေးထိုးဝံ့တဲ့သူက အရမ်းနည်းပါးတယ်။ ပထမဆုံး အဲဒါက အရမ်းနာကျင်လို့၊ နာကျင်မှုကိုဘယ်သူမှ မခံနိုင်ကြဘူး။ ဒုတိယအချက်က

နည်းနည်းလေး အမှားက လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်ကို လုံးဝပျက်စီးသွားစေနိုင်လို့ အရမ်းအန္တရာယ်များတယ်။”

"အဲဒီနည်းလမ်းက အရမ်းကြောက်စရာကောင်းသလား?" မူချင်းဖန်က တိုးညှင်းသော အသံဖြင့် ပြောလိုက်သည်။

အဘိုးအိုမူဟဲက ခေါင်းညိတ်ပြပြီး
“ရှေးခေတ်က ခန္ဓာကိုယ်အခေါ်ဆောင်
ဒါမှမဟုတ် ရုပ်ခန္ဓာအစီအရင်လို့ခေါ်တယ်။
အဲဒါက လူတစ်ယောက်ရဲ့ရုပ်ခန္ဓာခွန်အား နဲ့
အကာအကွယ်ကို မြှင့်တင်ပေးနိုင်တယ်။

အရင်အခြေအနေမှာတင် မန်းရှိရဲ့
ခန္ဓာကိုယ်က သိုင်းကျောင်းဇ်အဆင့်အောက်
ပြိုင်ဖက်ကင်းဆိုရင် အခုအချိန်မှာ
လူသားသူတော်စင်တစ်ပိုင်းအဆင့်နဲ့
ယှဉ်နိုင်တယ်လို့ ပြောလို့ရတယ်။
ဒါပေမဲ့လည်း စိတ်မပူပါနဲ့။ အဲဒီကလေး

ယန်မန်းရဲ့ ရုပ်ခန္ဓာခွန်အားနဲ့
အကာအကွယ်က သူ့ထက် မနိမ့်ကျဘူး!"

မှူချင်းဖန်က ခေါင်းညိတ်ပြပြီး
တိုက်ပွဲမြေပြင်ကို ကြည့်လိုက်သည်။

ဤအချိန်တွင် မန်းရှီဟာ
ယခင်တုန်းကလိုနွေးကွေးနေခြင်းမျိုးမရှိ
တော့ပေ။

သူ၏ဘယ်ခြေကိုတစ်ချက် ဆောင့်နင်းကာ
ဒေါသတကြီးကြုံးဝါးသံနှင့်အတူ
မြှားတစ်စင်းအလား ရှေ့သို့
ခုန်ထွက်လာခဲ့သည်။

တစ်ချိန်တည်းတွင် သူ့လက်သီးများက
လေချွန်သံများ တရှီရှီ မြည်လာကာ
ယန်ယဲ့ဆီသို့ အရှိန်ပြင်းပြင်း
တိုးဝင်လာပါသည်။

လက်သီးများက ပေါက်ကွဲထွက်လာသည့်
ကြောက်စရာကောင်းသော ဖိအားဟာ

အာကာသဟင်းလင်းပြင်ကိုပင် အပိုင်းပိုင်း

ကွဲအက်သွားစေသည်။

၎င်းသည် လုံးဝကို ကြောက်မက်ဖွယ်ရာ

မြင်ကွင်းတစ်ခုပင်။

မန်းရှီ၏ လက်သီးချက်က သူ့ရှေ့

ရောက်လာချိန်မှာ ယန်ယဲ့၏

နှုတ်ခမ်းထောင့်တွင်

ထူးဆန်းသည့်အပြုံးတစ်ခုပေါ်လာပြီး

သူ၏ညာဖက်လက်သီးကိုသာ

အသာလေးထိုးချလိုက်သည်။

၈၇၉

အဆိုးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၈၇၉ - သူတော်စင်လက်နက်

အုန်း !

လက်သီးနှစ်လုံးက ပြင်းထန်စွာ
တွေ့ဆုံသွား၏။ လက်သီးနှစ်လုံး
ရင်ဆိုင်တွေ့သည်နှင့် ပတ်ဝန်းကျင်ရှိ
အာကာသဟင်းလင်းပြင်က
အဆက်မပြတ်တုန်ခါသွားလေသည်။

ဤတစ်ကြိမ်မှာ ယန်ယဲ့က ခြေလှမ်း ၁၀
လှမ်းခဲ့ ဆုတ်လိုက်ရပြီး မန်းရှိကတော့
ခြေလှမ်း ၃၀ နီးပါး
နောက်ပြန်ဆုတ်သွားခဲ့သည်။

ထိုကဲ့သို့မြင်ကွင်းကို မြင်လိုက်ရသောအခါ မန်းရှီ၏ အကြည့်များသည် ချက်ချင်းပင် ဆိုးရွားလာတော့သည်။ သူက “ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ! မင်းရဲ့ခွာကိုယ်က ငါ့ထက်တောင် ပိုသန်မာနေတာလား! မဖြစ်နိုင်ဘူး! မင်း လှည့်စားနေတယ်!"

လူအုပ်ကြားတွင် ရုတ်ရုတ်သဲသဲအသံများ ထွက်ပေါ်လာသည်။

"အဲ့ဒါက နည်းနည်း အရှက်မရှိတာပဲ မဟုတ်လား? မနိုင်လို့ သူပြိုင်ဖက်ကို လှည့်စားသူလို့ ခေါ်သလား။ သေစမ်း! ဒီမန်းရှိုက ဘယ်လိုဖြစ်ပြီး ဒီလိုမျိုး ပြောနိုင်ရတာလဲ။ ရှက်စရာကောင်းလိုက်တာ!"

"အင်း၊ ဒီလူ မန်းရှိုက တကယ်ကို မိုက်မဲလွန်းတယ်...။"

“ဒီတိုက်ပွဲမှာ သူအနိုင်ရခဲ့ရင်တောင် သူက
နာမည်ဆိုးရသွားမှာ သေချာတယ်။
နောက်ဆုံးတော့ သူ့အရှုံးကိုတောင်
လက်မခံနိုင်ဘူးလေ။ ဒါဖြင့် သူ့အနာဂတ်က
ဘယ်လိုလုပ်ပြီး
ကြီးကျယ်ခမ်းနားတော့မှာလဲ။"

မန်းရှီ ပြောလိုက်သည့် စကားတိုင်းဟာ
ပတ်ဝန်းကျင်ရှိ လူအများအပြားထံကနေ
အထင်အမြင်သေး
လှောင်ပြောင်ခံရရုံသာမက

သူတော်စင်တစ်ပိုင်းအဆင့်များပင်လျှင်
ခေါင်းကို
အကြိမ်ကြိမ်ခါယမ်းလိုက်ကြသည်။
ဤမန်းရှီက ခွန်အားမဆိုးသော်လည်း
အကျင့်စာရိတ္တကတော့
အလွန်ပင်ညံ့ဖျင်းနေသည်မဟုတ်ပါလား။

ဤအချိန်တွင် မန်းယွမ်၏
အမူအရာမှာသည်လည်း ဆိုးရွားလှသည်။
သူက ယန်ယဲ့ကို အေးစက်စွာ
တစ်ချက်ကြည့်လိုက်ပြီးနောက် မန်းရှီကို

ငေါက်ငမ်းလိုက်သည်။ "မင်း
သောက်အချိန်ဖြုန်းမနေနဲ့။ လုပ်စရာရှိတာ
မြန်မြန်လုပ်တော့။"

ထိုအချိန်မှာပဲ ယန်ယွဲ့သည် ရုတ်တရက်
တိုက်ခိုက်လာခဲ့သည်။ ယန်ယွဲ့သည်
မန်းရှီ၏ ရှေ့တွင် ချက်ချင်းပေါ်လာပြီး
သူ့လက်သီးများ
ကြောက်မက်ဖွယ်စွမ်းအားများ
ပေါက်ကွဲလာကာ မန်းရှီ၏ ခေါင်းကို
ကြမ်းတမ်းစွာ ထိုးချလိုက်ပါတော့သည်။

ဤတစ်ကြိမ်တွင် သူက မန်းရှီကို လုံးဝအခွင့်အရေးမပေးခဲ့ပေ။ မန်းရှီ၏ ပုံစံက ယန်ယဲ့ထံမှ အဆက်မပြတ် ကျရောက်လာသည့်လက်သီးချက်များကို ကမန်းကတန်းကာကွယ်နေသော အရုပ်တစ်ယောက်လိုပင်။

မှန်ပါသည်။ ဤအချိန်တွင် ယန်ယဲ့၏ လက်သီးချက်များက မိုးသီးမိုးပေါက်များအလား မန်းရှီ အပေါ်သို့ အဆက်မပြတ် ကျရောက်နေလေသည်။

တစ်ချိန်တည်းမှာပင် နှစ်ယောက်လုံးက အပြင်းအထန် တိုက်ခိုက်ခဲ့ကြသည်။

နှစ်ယောက်လုံး မည်သည့်နည်းစနစ်များ သို့မဟုတ် တာအိုရတနာလက်နက်ကိုမျှ အသုံးမချခဲ့ပေ။ အရိုးရှင်းဆုံးနည်းလမ်းဖြင့် တစ်ယောက်ကိုတစ်ယောက် လက်သီးချင်း ယှဉ်ထိုးနေကြသည်သာ။

" မင်းက ငါ့ကို တစ်ခါထိုးတယ်။ ငါ မင်းကို တစ်ကြိမ်ပြန်ထိုးမယ်... "

ထိုအခြေအနေကြောင့် လူတိုင်း၏

နှလုံးသားများ တုန်လှုပ်ခြောက်ခြားသွားကာ သွေးများပင် ဆူပွက်လာခဲ့သည်။

ယန်ယဲ့ နှင့် မန်းရှီ တို့၏ ရုပ်ခန္ဓာသည် ဤမျှထိကြောက်စရာကောင်းနေသည်လား။ သာမန် သိုင်းကျောင်းဇ် တစ်ယောက်ဟာ ၎င်းတို့ထံမှ လက်ချက်တစ်ချက်ကိုပင် ခုခံနိုင်မည်မဟုတ်ပေ။
သို့သော် ဤအချိန်တွင်မူ နှစ်ယောက်လုံးက တစ်ဖက်နှင့်တစ်ဖက်

လက်ဖွေ့အိတ်များအလားသဘောထားကာ
တရကြမ်းတိုက်ခိုက်နေကြ၏။

တိုက်ပွဲဟာ
တစ်နာရီနီးပါးကြာသွားပြီးနောက်
နှစ်ဦးလုံး၏ ခွန်အား ကွာဟချက်က
တဖြည်းဖြည်းချင်းရုပ်လုံးပေါ်လာပါတော့
သည်။ ဤအခိုက်အတန့်တွင် မန်းရှီက
ယန်ယွဲ့၏ တိုက်ခိုက်ရေးစွမ်းအားကို
မယှဉ်နိုင်တော့ဘဲ တဖြည်းဖြည်း

ဖိနှိပ်ခံနေရသည့် အရိပ်အယောင်များပင် ပြသနေလေသည်။

လူတိုင်းသည် ယန်ယွဲ့၏ ခွန်အားကြောင့် ထိတ်လန့်သွားသလို မန်းရှီကြောင့်လည်း ထိတ်လန့်သွားကြသည်။

အဘယ်ကြောင့်ဆိုသော် မန်းရှီ၏ ခွန်အားသည် မြင့်မြတ်အဆင့်သို့ ဝင်ရောက်နိုင်ပြီဖြစ်သည့်တိုင် ၎င်းဟာ အမျိုးသမီးများနှင့် ပျော်ပါးရန်ကလွဲ၍ တခြားဘာမျှမရှိပေ။

နောက်ထပ်တစ်နာရီကျော်သွားသည့်နောက်
တွင် အဘိုးအိုမန်းယွမ် နှင့်
မန်းကလန်အဖွဲ့ဝင်များ၏
အမူအရာများသည် ရုတ်ချည်းပင်
အုံ့မှိုင်းသွားပါသည်။
တိုက်ပွဲအခြေအနေ
ပို၍ပြင်းထန်လာသည်နှင့်အမျှ ယန်ယဲ့ဟာ
ကြောက်မက်ဖွယ်ကောင်းလာသလို
တစ်ဖက်မှာ မန်းရှီက

နောက်သို့အဆက်မပြတ်ဆုတ်ပေးနေရ
သောကြောင့်ပင်။

"ဒီကလေးရဲ့ရုပ်ခန္ဓာခွန်အားနဲ့
အကာအကွယ်က ရှိမှာထက်
ပိုသန်မှာလွန်းတယ်။" အဘိုးအိုမန်းယွမ်၏
နံဘေးမှ သူတော်စင်တစ်ပိုင်းအဆင့်
တစ်ပါးကအသံတိုးတိုးဖြင့်
ပြောလိုက်သည်။

"သူ့ရဲ့ နောက်ခံကို ငါတို့
မဆုံးဖြတ်နိုင်သေးဘူးလား"
အဘိုးအိုမန်းယွမ်က
လေးနက်စွာပြောလိုက်သည်။

အဘိုးအိုက ခေါင်းခါယမ်းကာ
"မီးဝိညာဉ်မျိုးနွယ်စုရဲ့ ဖူဂျင်းရှန်နဲ့ အတူ
ရှေးဟောင်းမြင့်မြတ်မြို့တော်ကို
ရောက်လာတာအပြင်
တခြားသတင်းအချက်အလတ်မရခဲ့ဘူး။

ဖူဂျင်းရှန်ကတော့ သူ့နောက်ခံကို

သေချာပေါက် သိထားမှာပဲ။

ကံဆိုးလိုက်တာ။ သူမက အခု

လနတ်သမီးခန်းမမှာရှိနေတယ်။

ဟုတ်တယ်၊ ငါတို့က ရှီအာကို

ထပ်ပြီးအချိန်ဆွဲခိုင်းမနေနဲ့တော့။"

“အဆင်ပြေပါတယ်။ သူဘယ်သူပဲဖြစ်ဖြစ်

သူ့ကိုဖမ်းပြီးတာနဲ့ ငါတို့ လိုချင်တဲ့ အဖြေကို

ချက်ချင်းရလိမ့်မယ်!” အဘိုးအိုမန်းယွမ်က

မျက်နှာပေါ်တွင် အပြုံးတစ်ခုပေါ်လာပြီး အသံတိုးတိုးဖြင့် ပြောခဲ့သည်။

အုန်း!

ရုတ်တရက်ဆိုသလိုပင် မန်းရှီ၏ ခန္ဓာကိုယ်သည် လေထဲသို့ လွင့်ပျံသွားသည်
။

အဘိုးအိုမန်းယွမ် နှင့် အခြား
မန်းကလန်သားများအားလုံး
မျက်နှာအမူအရာများ
သိသိသာသာပျက်ယွင်းသွားကြတော့သည်။

ထိုအချိန်တွင် ယန်ယွဲ့သည်
တဖျပ်ဖျပ်တောက်ပလာပြီး မန်းရှီ၏
အထက်လေထဲသို့ ပျံတက်ကာ
ခြေထောက်တစ်ဖက်ကိုဆန့်ကာ
၎င်း၏ဝမ်းဗိုက်ကိုဖြတ်ကန်ချလိုက်သည်။

ဘုန်း!

မန်းရှီ၏ ခန္ဓာကိုယ်သည် မြေပြင်ပေါ်သို့ တဖန်ပြုတ်ကျသွားရပြန်သည်။

ဤအခိုက်တွင် ရုတ်တရက် မြေပြင်ပေါ်သို့ အရိုက်ခံရသော မန်းရှီက လေထဲသို့ ပစ်လွှတ်လိုက်ပြီး ယန်ယဲ့ ဆီသို့ မြှားတစ်စင်းအလား ခုန်ဝင်လာခဲ့လေသည်။

အုန်း!

ဤတစ်ကြိမ်မှာတော့ လွင့်ပျံသွားသူက ယန်ယဲ့ပါ။ သူ့ခန္ဓာကိုယ်က ၂ ကီလိုမီတာကျော်အထိပင်လွင့်ပျံသွားကာ နောက်မှဖြည်းဖြည်းချင်း ရပ်တန့်လိုက်သည်။

ဤအခိုက်အတန့်တွင် လူတိုင်းက မန်းရှီ၏ ခန္ဓာကိုယ်တစ်ခုလုံးကို နက်မှောင်သောရွှေရောင်ချပ်ဝတ်တန်ဆာဖြ

င့် ဖုံးအုပ်ထားသည်ကို
သတိပြုမိလိုက်ကြသည်။

မန်းရှီ၏ မျက်လုံးများမှလွဲ၍
အခြားအကက်ရာတစ်ခုမျှမရှိပေ။ သို့သော်
သူတော်စင်တစ်ပိုင်းအဆင့် အချို့က
မန်းရှီ၏ မျက်လုံးများကို
အလွန်ပါးလွှာသောရွှေရောင်အလွှာဖြင့်
ဖုံးအုပ်ထားသည်ကို သတိပြုမိသည်။

"ဒါက သူတော်စင်အဆင့်
ရတနာလက်နက်ပဲ။

ဟာကျူလီသံချပ်ကာလို့ ခေါ်တယ်။"
အဘိုးအိုမူဟဲ၏ အသံသည်
အလွန်လေးနက်နေကာ
“ဒီချပ်ဝတ်တန်ဆာကို အတိတ်က
မန်းကလန်ရဲ့ထိပ်သီးပညာရှင်တစ်ဦးရဲ့ခန္ဓာ
ကိုယ်ကို ပုံတူကူးပြီးဖန်တီးထားတာ။
ပြီးတော့ ထောင်နဲ့ချီတဲ့ တာအိုအဆင့်
သတ္တုတွေနဲ့ပါ မြှင့်တင်ထားသေးတယ်။
ဟာကျူလီသံချပ်ကာက တိုက်ခိုက်တာနဲ့
အကာအကွယ်နှစ်ခုလုံးရှိတယ်။
သူတော်စင်တစ်ပိုင်းအဆင့်တွေတောင်မှ

ချိုးဖျက်ဖို့ ခဲယဉ်းလွန်းတယ်။ မန်းကလန်က မန်းရှီကို ဟာကျူလီသံချပ်ကာ ပေးထားမယ်လို့ မထင်ထားမိဘူး။ သူတို့က ဒီမန်းရှီကို မန်းကလန်ရဲ့နောက်ထပ် ဘိုးဘေးအဖြစ် ရွေးချယ်ထားပုံပဲ။”

"ယန်မန်း၊ မင်းရဲ့ရုပ်ခန္ဓာခွန်အားက အရမ်းကြောက်စရာကောင်းတာမဟုတ်ဘူး လား။ မင်းလက်သီးနဲ့ထိုးတာ သိပ်ကောင်းတာမဟုတ်ဘူးလား။ လာ! စမ်းကြည့်ရအောင်!" မန်းရှီက

ကျယ်လောင်စွာ ရယ်မောကာ ယန်ယဲ့ ဆီသို့ ဖြည်းညှင်းစွာပင် လျှောက်လာခဲ့သည်။

မန်းရှီ၏ ဟာကျူလီသံချပ်ကာကို စိုက်ကြည့်ရင်း ယန်ယဲ့၏ မျက်လုံးထဲတွင် လေးနက်သောအမူအရာတစ်ခုပေါ်လာသည်

။

သူ့ပင်ကိုယ်အစိတ်က ရုပ်ခန္ဓာခွန်အားဖြင့် ချိုးဖျက်မရနိုင်ဟု ပြောနေသောကြောင့်ပင်။

၈၈၀

အဆိုးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၈၈၀ - သတ်ဖြတ်ခြင်း

"ယန်မန်း၊ ဓားယူလိုက်။" ရုတ်တရက်

မူချင်းဖန်၏ အသံက ပဲ့တင်ထပ်လာပြီး

အေးစက်စက်အလင်းတန်းတစ်ချက်

လက်သွားကာ ယန်ယွဲ့ရှေ့တွင် ဓားတစ်လက် ပေါ်လာသည်။

“ဒါက လနတ်သမီးခန်းမ တည်ထောင်သူဘိုးဘေးရဲ့ ဓား။ သူ့နာမည်က လနတ်ဓား လို့ခေါ်တယ်။ သူတော်စင်လက်နက် မဟုတ်ပေမယ့် တာအိုအဆင့်ထက်တော့ ကျော်တယ်။ လနတ်ဓားကို ဒီနေ့ နင့်လက်ထဲ ခကြာငှားလိုက်မယ်!" မူချင်းဖန်က ဓားကိုပစ်ပေးရင်း အော်ပြောလိုက်သည်။

ယန်ယဲ့ သည် သူ့လက်ထဲရောက်နေသည့်
လနတ်ဓားကို စိုက်ကြည့်ရင်း
အနည်းငယ်အံ့သြသွားပါသည်။

ဓားသည် တစ်မီတာကျော်ရှည်သည်၊
ဓားကိုယ်ထည်က ဖန်သားပြင်ကဲ့သို့
တောက်ပနေပြီး လခြမ်းပုံသဏ္ဍာန်
ကွေးညွတ်နေသည်။

လနတ်ဓားသည် အတော်လေး
ကောင်းမွန်သောဓားတစ်လက်ဖြစ်ပြီး သူ
ကိုင်ဖူးသည့် ဓားများအနက်
လူသားကရောဇ်ဓားသာလျှင်
၎င်းနှင့်နှိုင်းယှဉ်နိုင်သည်။

သူသည် လူသားကရောဇ်ဓား၏
စစ်မှန်သော စွမ်းအားကို
အသုံးမပြုနိုင်သည့်တိုင် ၎င်း၏စွမ်းအားကို
သံသယမဝင်ပေ။

သူ့ရှေ့မှ
လနတ်ဓားနှင့်မည်သို့မျှယှဉ်၍မရပါ။

သို့သော် ဤအချိန်တွင် ယန်ယဲ့ဟာ အတော်လေး ချီတုံချတုံဖြစ်နေခဲ့သည်။

အဆင့်မြင့်လက်နက်တစ်ဖြစ်သည့်တိုင် ပြဿနာက လက်ရှိတွင် ဓားကို အသုံးမပြုနိုင်ပေ။

သူသုံးနိုင်ပါ့မလား?

အဖြေက သူ မတတ်နိုင်ဘူး!

ဓားကို အသုံးပြုလျှင် မန်းရှီ၏
ဟာကျူလီသံချပ်ကာကို
သေချာပေါက်ချိုးဖျက်နိုင်ပါလိမ့်မည်။

အကယ်၍ သူ၏ဓားစိတ်ဆန္ဒကို
ထုတ်ဖော်လိုက်ပါက ကြီးမားသောဒုက္ခကို
ရင်ဆိုင်ရမည်မှာ သေချာပါသည်။

ယန်ယဲ့ သည် လနတ်ဓားကို တွန့်ဆုတ်စွာ
စိုက်ကြည့်ရင်း သက်ပြင်းတိုတိုဖြင့်
သက်ပြင်းချလိုက်သည်။

သူက မူချင်းဖန်ကို ပြန်ပေးရန်
ပြင်လိုက်ချိန်မှာပဲ မန်းရှီ၏
လှောင်ပြောင်သံကို ကြားလိုက်ရသည်။

" မင်းမှာဓားရှိတယ်။ ဒါက လနတ်ဓား
မဟုတ်လား။ ငါအရမ်းကြောက်သွားပြီ။
ယန်မန်း၊ ငါ့ကိုမကြောက်နဲ့။ လာပါ၊ ငါ

ဒီနေရာကနေ တစ်လက်မတောင်မရွှေ့ဘူး။ မင်းကို ဓားနဲ့ထိုးခွင့်ပေးလိုက်မယ်။ ငါ့ဟာကျူလီသံချပ်ကာ ကို မင်း ဘယ်လိုချိုးဖျက်မလဲဆိုတာ ကြည့်ရအောင်။"

ယန်ယဲ့က အနည်းငယ် အံ့အားသင့်သွားပြီး သူ့ရင်ထဲမှာ ပျော်ရွှင်မှု တိုးလာသည်။ သို့သော်လည်း ဓားတစ်ချက်တည်းနဲ့ မန်းရှီအား သတ်နိုင်မည်ဟု

ယုံကြည်ချက်ကိုတော့ သူ့မျက်နှာထက်
မဖော်ပြပေ။

"မင်းဆီက ဓားတစ်ချောင်း၊ ဟဟ။"
မန်းရှီက ထပ်မံ၍ လှောင်ပြောင်လိုက်သည်။
 "လနတ်ဓားက ကောင်းတယ်ဆိုပေမယ့်
ငါ့ကိုသတ်နိုင်မယ်ထင်လား။ ယန်မန်း၊
မင်းက ငါ့ကို ဓားတစ်ချက်တည်းနဲ့ သတ်ဖို့
ကြံနေတာများလား။ လာ! လာလုပ်ပါဦး
မင်းငါ့ကို ၁၀ ကြိမ်လောက် ထိုးခိုင်းမယ်။
မဟုတ်ဘူး၊ အကြိမ် ၅၀။

မင်းငါ့ကိုမသတ်နိုင်ရင်
မင်းငါ့မြေးဖြစ်လိမ့်မယ်!"

"ကိုယ့်ကိုကိုယ် မကာကွယ်ဘဲနဲ့ မင်းကို
ဓားနဲ့ထိုးခိုင်းတာလား။" ယန်ယဲ့က
သူ့မျက်နှာမှာ ထူးဆန်းသည့်အမူအရာနဲ့
"အဲဒါ မကောင်းဘူးဟုတ်လား"
ထိုစကားများကို ပြောလိုက်သော်လည်း
မန်းရှိဆီသို့ ဖြည်းညှင်းစွာ
လျှောက်သွားနေသေးသည်။

"မင်းကို ငါခိုင်းတာ ၊ ဒါဆို လုပ်ပါ ! အပိုစကားတွေရပ်လိုက်။ အားလုံးက ဘာလဲ။ မင်းက ယောက်ျားမဟုတ်လား" မန်းရှီက ရုတ်တရက် ဒေါသတကြီး အော်ဟစ်လိုက်သည်။

သူသည် ယန်ယဲ့ကို လူရှေ့သူရှေ့ အရှက်တကွဲဖြစ်စေလိုသည်။ ထိုမှသာလျှင် သူ အရှက်ကွဲရသည်ကို ပြန်ပြီး ချေဖျက်နိုင်မည်ဖြစ်သည်။

"ရှီအာ၊ မင်း အချိန်တွေဖြုန်းမနေနဲ့။
မြန်မြန်အဆုံးသတ်လိုက်!"
အဘိုးအိုမန်းယွမ်က ရုတ်တရက်
အော်ပြောလိုက်သည်။

မန်းရှီက သူ့ပြိုင်ဖက်ကို
အထင်အမြင်သေးနေချိန်တွင်
အဘိုးအိုမန်းယွမ်က
တစ်ဖက်လှည့်ဖြင့်သတိပေးလိုက်ခြင်းပါ။

ဤယန်မန်းက ဓားကိုင်ထားချိန်တွင်
ခါတိုင်းထက်ပို၍ အန္တရာယ်များကြောင်း

သူ၏ ပင်ကိုယ်အသိစိတ်က

ပြောပြနေသည်။

ထိုခံစားချက်ကို

ကောင်းကောင်းနားမလည်သည့်တိုင်

အန္တရာယ်အငွေ့အသက်ကို ခံစားမိသဖြင့်

မန်းရှီကို

အလျင်အမြန်သတိပေးလိုက်ခြင်းဖြစ်သည်။

အဘိုးအိုမန်းယွမ်၏ စကားကို

ကြားလိုက်ချိန်မှာ ယန်ယွဲ့သည်လည်း

နေရာမှာပင်ရပ်သွားပြီး မျက်ခွံများ
လှုပ်ယမ်းသွားသည်။

ဤအချိန်တွင် မန်းရှိ သာ တိုက်ခိုက်ပါက
သူဟာ လုံးဝပြန်တိုက်နိုင်မည်မဟုတ်ပေ။

အဘယ်ကြောင့်ဆိုသော် သူသည်
ဓားသမားတစ်ဦးအဖြစ်
ထုတ်မပြနိုင်သောကြောင့်ပင်။

ထိုသို့မဟုတ်ပါက နောက်တစ်ကြိမ်
ထွက်ပြေးရပေမည်။

ယန်ယဲ့က မလှုပ်ရှားသေးဘဲ
ခေါင်းကိုခါလိုက်ပြီး “မေ့လိုက်ပါတော့။
မင်းရဲ့အဘိုးတောင် မင်းကို
အရမ်းစိတ်ပူတယ်။ ငါ မင်းကို
ဓားနဲ့မထိုးတာ အကောင်းဆုံးပဲ ဒါမှမဟုတ်
မင်းကို ဓားနဲ့ထိုးသတ်ပြီး မင်းအဘိုးကို
မြေမြှုပ်ခိုင်းရမလား။"

အဘိုးအိုမန်းယွမ်၏
သတိပေးစကားကြောင့်
တိုက်ခိုက်ရန်ပြင်နေသည့် မန်းရှီက

ချက်ချင်း ဒေါသပေါက်ကွဲသွားပြီး
“ဘယ်လောက်တောင်မောက်မာလိုက်တဲ့စ
ကားလဲ။ ကျူးဒန်ဖုန်း သင်္ချိုင်းကနေ
ပြန်ထလာရင်တောင်မှ ငါမန်းရှီ သူ့ကို
မြေကြီးပေါ်ထိ ရိုက်ပုတ်နိုင်တယ်။ လာ!
ငါ့ကိုထိုး! မင်းအဲ့လိုမလုပ်ဝံ့ရင်
မင်းမိသားစုတစ်ခုလုံးက
အမှိုက်တွေအပြည့်နဲ့။"

ဤတစ်ကြိမ်မှာတော့ ယန်ယဲ့ဟာ
နည်းနည်းလေးမှ တုံ့ဆိုင်းမနေဘဲ

လနတ်ဓားကို ငှေ့ယမ်းကာ မန်းရှိ၏
ရင်ဘတ်သို့ ထိုးသွင်းလိုက်သည်။

ချွင်!

ကြည်လင်ပြတ်သားသော
သတ္တုတိုက်မိသော အသံတစ်ခု
ထွက်ပေါ်လာသည်။ ယန်ယဲ့ဟာ ခြေလှမ်း ၂
လှမ်းပင် နောက်ပြန်ဆုတ်လိုက်ရသည်။

လူတိုင်း အံ့သြသွားကာ မန်းရှီ၏ ရင်ဘတ်မှ
မီးပွားများ လွင့်စင်လာသည်ကို
မြင်တွေ့လိုက်ကြသည်။

အဘိုးအိုမူဟဲ၊ မူချင်းဖန် နှင့်
လနတ်သမီးခန်းမ၏
အခြားအဖွဲ့ဝင်များသည်လည်း
ထိုမြင်ကွင်းကို မြင်လိုက်ချိန်တွင်
ချက်ချင်းပင် ခေါင်းယမ်းလိုက်ကြသည်။
လနတ်ဓားက
အဆင့်မြင့်ရတနာလက်နက်တစ်ခုဖြစ်သော်

လည်း ယန်မန်းဟာ ဓားကို ဘယ်လိုသုံးရမှန်းမသိပေ။

"ဟားဟား!!" ထိုအချိန်တွင် မန်းရှီက သက်တောင့်သက်သာ ရှိနေပုံဖြင့် တဟားဟားရယ်မောလိုက်သည်။ "ယန်မန်း၊ လာ! ငါ့ကို ထပ်ထိုးပါ! မင်းငါ့ကို ဓားနဲ့ထိုးသတ်ဖို့ မကြံဘူးလား။ လာပြီး ထပ်လုပ်ပါ။ ငါဒီမှာပဲရပ်နေတယ်!"

ရုတ်တရက် ယန်ယဲ့ သည် သူ၏လက်ကို
တစ်ချက်လှုပ်ကာ လနတ်ဓားကို
မန်းရှီ၏မျက်ခုံးနှစ်ခုကြားသို့
ထိုးသွင်းလိုက်သည်။

သိပ်မကြာခင်မှာပဲ
ရွှေရောင်အလွှာပါးပါးလေးပေါ်လာပြီး
လနတ်ဓားကို တားဆီးလိုက်၏။

မန်းရှီက ထပ်မံ၍ ရယ်မောလိုက်ရင်း
"လာလေ။ ဘာလုပ်နေတာလဲ။
ထပ်ထိုးပါဦး...."

ဆူး!

ထိုအချိန်တွင် ယန်ယဲ့၏ ပါးစပ်ထောင့်၌
ထူးဆန်းသော အပြုံးတစ်ခု ပေါ်လာသည်။
လနတ်ဓားက ရပ်တန့်နေရာကနေ
ရုတ်ချည်းဆိုသလိုပင်
ရွှေရောင်အလှွာပါးပါးလေးကို
ထိုးဖောက်ကာ မန်းရှီ၏ ခေါင်းထဲသို့
ထိုးစိုက်သွားလေသည်။

မန်းရှီ၏ ရယ်မောသံသည်
တစ်ပိုင်းတစ်စနှင့် ရပ်သွားပါသည်။

အဘိုးအိုမူဟဲနှင့် အခြားသူများလည်း
အံ့သြသွားကြသည်။

အဘိုးအိုမန်းယွမ်နှင့် အခြား
သူတော်စင်တစ်ပိုင်းအဆင့် များလည်း
ထိတ်လန့်သွားပြီးနောက်
ဒေါသထွက်သွားကြသည်။

ထို့နောက် အားလုံး တညီတညွတ်တည်း ရှေ့တက်လာကာ ယန်ယွဲ့ ဆီသို့ တရကြမ်းတိုက်ခိုက်လိုက်ကြလေသည်။

၈၈၁

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၈၈၁ - မန်းကလန်ကို သတ်ကြမယ်

ယန်ယဲ့ သည် ထိုနေရာတွင် ငြိမ်သက်စွာ ရပ်နေသည်မဟုတ်ပေ။

မန်းရှီ၏ အလောင်းကို အလျင်အမြန်ဆွဲယူပြီး မူလစေတီထဲသို့ ပစ်ချလိုက်သည်။

ထိုအခိုက်တွင် ရောမလက်ဖဝါးကြီး ၄ ဖက်က သူ့ဆီသို့ ကျဆင်းလာနေသည်ကို သတိပြုမိလိုက်ကာ မျက်နှာပျက်သွားပါတော့သည်။

သူက ဓားကို ဆက်မသုံးတော့ဘဲ လက်သီးနှစ်ဖက်ကို ရှေ့သို့ ထိုးလိုက်သည်။

အုန်း! အုန်း!

လက်သီးနှစ်လုံးက လက်ဝါး ၂ ဖက်ကို ခုခံလိုက်နိုင်သည်။ သို့ရာတွင် ကျန်လက်ဝါး ၂ ဖက်က သူ့အပေါ် ရိုက်ချလာပြီး ၃ ကီလိုမီတာအကွာထိပင် လွင့်ပျံထွက်သွားသည်။

"ယန်မန်း၊ သေလိုက်တော့။"

အဘိုးအိုမန်းယွမ်က ဒေါသတကြီးဖြစ်ကာ နောက်ထပ်တိုက်ခိုက်ရန် ပြင်လိုက်၏။

သို့ရာတွင် အဘိုးအိုမူဟဲ နှင့် အခြားသူတော်စင်တစ်ပိုင်းအဆင့်များ အားလုံး သတိပြန်ဝင်လာကာရှေ့ထွက်လာပြီး တားဆီးလိုက်ကြသည်။

"မန်းယွမ်၊ မင်းက အရှုံးကိုလက်မခံနိုင်ဘဲ ရှုံးမဲမဲနေတာလား" အဘိုးအိုမူဟဲက အေးစက်စွာပြောလိုက်သည်။

"မှုပဟဲ၊ မင်းရဲ့ မှုကလန်က ငါ့မန်းကလန်ကို
တကယ်တိုက်ခိုက်ဖို့ ရည်ရွယ်နေတာလား။"
အဘိုးအိုမန်းယွမ်၏
မျက်လုံးများအတွင်းတွင်
သတ်ဖြတ်လိုစိတ်များ ပေါ်လာသည်။

အဘိုးအိုမှုပဟဲက အထင်အမြင်သေးစွာ
ရယ်မောပြီး "မန်းယွမ်၊ မင်းရဲ့မြေး
ဘာကြောင့် ဒီလိုအမှိုက်ဖြစ်ရတာလဲ
နောက်ဆုံးတော့ ငါနားလည်သွားပြီ။ မင်းက

အတူတူပါပဲ။ တိုက်ပွဲ ဒါမှမဟုတ်
သေခြင်း၊ရှင်ခြင်း တိုက်ပွဲရဲ့
သဘောတူစာချုပ်ကို
လက်မှတ်ရေးထိုးပြီးတာနဲ့ အပြင်လူတွေ
စွက်ဖက်လို့မရတော့ဘူး။ ပြီးတော့
သူသေဆုံးတာအတွက်
မင်းစိတ်ကိုပြင်ဆင်ထားသင့်တယ်။

ဘာလဲ။ သူသေသွားလို့
စကားပြန်ပြောမှာလား။ မင်းဆန္ဒရှိရင်
သူ့ကိုလက်မှတ်ထိုးခွင့်မပေးနဲ့လေ။
ဒါမှမဟုတ် တခြားသူတွေသာ

သေနိုင်ပေမယ့် မင်းရဲ့ မန်းကလန်
အဖွဲ့ဝင်တွေက မသေနိုင်ဘူးလား။"

ထိုအချိန်တွင် အကြီးအကဲလီက လည်း
"မန်းယွမ်၊ သေခြင်း၊ရှင်ခြင်း သွေးစာချုပ်က
မြင့်မြတ်ခန်းမတွေ ချမှတ်ထားတဲ့
စည်းမျဉ်းတစ်ခုနော်။ မင်းရဲ့မြေးဖြစ်သူက
လက်မှတ်ရေးထိုးပြီးကတည်းက
သူ့ရဲ့သေဆုံးမှုကို သူညို့လို့သာ
ယူဆနိုင်တယ်။ အဲ့ဒါကြောင့် ယန်မန်း နဲ့
ပြဿနာရှာရင် မင်းရဲ့ မန်းကလန်က

သေချာပေါက် ပျက်စီးသွားလိမ့်မယ်။

မင်းက မန်းကလန်ကို

အပင်ပန်းခံတည်ထောင်ထားပြီး နာမည်ဆိုး

ဖြစ်စေချင်တာလား။"

အဘိုးအိုမန်းယွမ်၏ မျက်နှာက

ကြောက်မက်ဖွယ်ရာ

ကောင်းလောက်အောင်ကို

အုံ့မှိုင်းနေလေသည်။ သူ၏ လက်သီးများကို

တင်းတင်းဆုပ်ထားကာ မျက်လုံးထဲ၌

သတ်ဖြတ်ခြင်းအငွေ့အသက်များ
တဖျပ်ဖျပ် တောက်ပနေသည်။

သို့သော် သူက မတိုက်ခိုက်ခဲ့ပေ။
အဘိုးအိုမူဟဲ နှင့် အကြီးအကဲလီ
ပြောခဲ့သည့် စကားကြောင့် မဟုတ်ဘဲ၊
ယခုတိုက်ခိုက်လျှင်ပင် အဓိပ္ပါယ်မဲ့ကြောင်း
ရှင်းရှင်းလင်းလင်း သိထားသောကြောင့်ပင်။

ခဏအကြာတွင် အဘိုးအိုမန်းယွမ်က
အသက်ပြင်းပြင်းရှူပြီး "ရှီအာရဲ့

အလောင်းကို ပြန်ပေးပါ။ ဒါပြီးရင် ငါတို့ ဒီကိစ္စကို ချန်ထားနိုင်ပြီ!"

"ငါမလုပ်ရင် ဘာဖြစ်လဲ" ထိုအချိန်တွင် ယန်ယဲ့ သည် မြေပြင်မှ မတ်တပ်ထရပ်လာကာ ပြောလိုက်၏။

ယန်ယဲ့ သည် သူတော်စင်တစ်ပိုင်းအဆင့် ၂ ပါး၏ တိုက်ခိုက်မှုကို ခံရသည့်တိုင် ပြန်ထလာနိုင်သောကြောင့် လူတိုင်း အံ့အားသင့်သွားကြသည်။

"ချီး။ ဒီကောင်က မသေသေးတဲ့အပြင်
အခုအချိန်ထိ
မတ်တပ်တောင်ထရပ်နိုင်သေးတယ်လား။
ပြီးတော့ သူ့ခန္ဓာကိုယ်မှာလည်း
ဘာဒဏ်ရာမှရှိမနေဘူး။ သောက်ကျိုးနည်း၊
ဘယ်လိုတောင်ကြောက်စရာကောင်းတဲ့
ရုပ်ခန္ဓာပါလိမ့်။ ဒီလူ့ရဲ့ခန္ဓာကိုယ်ရ
သံနဲ့ပြုလုပ်ထားတာများလား။"

"မပေးရင်သေ။" အဘိုးအိုမန်းယွမ်က ယန်ယဲ့ကို စူးစိုက်ကြည့်နေရင်း အေးစက်စက် ပြောလိုက်သည်။

မန်းရှီက ဟာကျူလီသံချပ်ကာကို ဝတ်ဆင်ထားခြင်းဖြစ်သည်။

၎င်းသည် မန်းကလန်၏ အထွတ်အမြတ်ရတနာဖြစ်ပြီး မန်းရှီ သေဆုံးသွားပြီးနောက် ပြန်ယူရပေမည်။

ယန်ယဲ့က အဘိုးအိုမူဟဲ နှင့် အခြားသူများကို စိုက်ကြည့်နေသည်။

ရုတ်တရက် သူက " စီနီယာမူ! ဒီကိစ္စကို စီနီယာ ဘယ်လိုမြင်လဲ !"

အဘိုးအိုမူဟဲက “ယန်မန်း၊ တိုက်ပွဲမှာ တခြားသူတွေကို ဝင်စွက်ဖက်ဖို့ ခွင့်မပြုဘူးလို့ စောစောက ကတိပေးခဲ့တယ်။ စစ်ပွဲတွေ ပြီးသွားပေမယ့် ငါ့ရဲ့ကတိက တည်မြဲနေဆဲပဲ။ ဒါပေမဲ့ ငါမင်းကို အခုကာကွယ်နိုင်ပေမယ့် မင်းကို ထာဝရမကာကွယ်နိုင်ဘူးဆိုတာ

မင်းသဘောပေါက်ရမယ်။ ဒါကြောင့်
သေချာစဉ်းစားပါ!"

ယန်ယဲ့က ရယ်မောလိုက်ပြီး "အလောင်းကို
ငါ လွှဲပေးလိုက်မယ်။ ဒါပေမဲ့ အခုတော့
မဟုတ်ဘူး။
ပြီးတော့လည်း ဒီခွေးအိုကြီးတွေက ငါ့ကို
သတ်ပစ်ဖို့ တောင် ကြံနေသေးတာ။ ဘာလို့
အခုလက်လျှော့ရမှာလဲ?
စီနီယာမူ၊ အကြီးအကဲလီ၊ ဒီခွေးအိုတွေက
တိုက်ခိုက်ဖို့ ကြံတယ်ဆိုရင်တော့ သူတို့ကို

ခဏလောက် အလုပ်များနေအောင်
အချိန်ဆွဲပေးပါလား။ ငါ မန်းကလန်
တစ်ခုလုံးကို သတ်ဖို့ ၁၅ မိနစ်ပဲလိုတယ်။"

"သူက တကယ်ပဲ မန်းကလန် တစ်ခုလုံးကို
သတ်ပစ်ဖို့ ရည်ရွယ်ထားတာလား။"

ထိုစကားကိုကြားသောအခါ လူတိုင်း
တုန်လှုပ်သွားကြသည်။

အဘိုးအိုမှုဟဲ ပင်လျှင် မျက်ခွံများ
လှုပ်ယမ်းသွားသည်။

"ဒီကလေးက တကယ်ပဲ ရဲတင်းလွန်းတယ်။
မန်းကလန်တစ်ခုလုံးကို သတ်မှာလား။ ဒါက
နှစ်ထောင်ချီ တည်ရှိလာတဲ့
ကလန်ကြီးတစ်ခုလေ။

အင်အားကျဆင်းသွားရင်တောင်
ရှေးဟောင်းကလန်ကြီးတစ်ခု
ဖြစ်နေတုန်းပဲဆိုတာ
သူသတိမထားမိဘူးလား။"

သို့သော် သူတို့သာ မန်းကလန်၏
သူတော်စင်တစ်ပိုင်းအဆင့် ၄ ပါးကို
တားဆီးထားပါက ယန်မန်းဟာ
မန်းကလန်တစ်ခုလုံးအား
သေချာပေါက်ဖျက်ဆီးပစ်နိုင်ကြောင်း
သတိပြုမိသွားသည်။

မန်းရှီ သေဆုံးသွားသည့်နောက်
မန်းကလန်၏ လူငယ်မျိုးဆက်တွင်
မည်သူကများ
ယန်မန်းကိုတားဆီးနိုင်ပါမည်နည်း။

သူတင်မကဘူး၊ အဘိုးအိုမန်းယွမ်နှင့်
သူတော်စင်တစ်ပိုင်းအဆင့် များပင်လျှင်
ဖြစ်နိုင်ချေကိုတွေးမိပြီး
မှုန်ကုပ်ကုပ်ဖြစ်သွားကြသည်။

ဤအခိုက်အတန့်တွင် လေထုက
ချက်ချင်းပင် ပြင်းထန်လာသည်။

ထိုအချိန်တွင် ယန်ယဲ့ သည်
လနတ်သမီးခန်းမ၏ အဖွဲ့ဝင်များကို
ရုတ်တရက်ကြည့်လိုက်ပြီး "အားလုံးပဲ!
မန်းကလန်က ငါတို့ လနတ်သမီးခန်းမရဲ့
အဖွဲ့ဝင်တစ်ယောက်ကို
အတင်းအဓမ္မဖမ်းဆီးပြီး
ခန်းမသခင်ကိုလည်း စော်ကားသေးတယ်။
ဒါက ငါတို့လနတ်သမီးခန်းမကို
လူပုံအလယ်မှာ
ပေါ်တင်စော်ကားလိုက်တာပဲမဟုတ်လား။
ဒီနေ့ ငါက

မန်းကလန်သားတစ်ယောက်ကိုသတ်လိုက်ပေမယ့် ငါတို့ရခဲ့တဲ့အရှက်တရားက ပျောက်ကွယ်သွားမယ်လို့ထင်သလား။

မဟုတ်ဘူး၊ အခု မင်းတို့အားလုံးက ငါနဲ့အတူ မန်းကလန်ကို တိုက်ခိုက်ပြီး လနတ်သမီးခန်းမရဲ့အင်အားကို ပြသလိုက်ရအောင်။အားလုံး ဆန္ဒရှိကြလား။"

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၈၈၂ - သူ့ကို နေခွင့်မပြုနဲ့

လူအုပ်ကြီးက

ခေတ္တတိတ်ဆိတ်သွားပြီးနောက်....

"သတ်! မန်းကလန်ကို တိုက်ခိုက်ရအောင်။

ငါ သူတို့ရဲ့ အကျင့်ကို

သည်းမခံနိုင်တော့ဘူး!"

"သူတို့ကို အကုန်သတ်ကြမယ်။
မန်းကလန်က ငါတို့ရဲ့လနတ်သမီးခန်းမကို
ဂရုမစိုက်ဘူး၊ ငါတို့ရဲ့ခန်းမသခင်ကိုတောင်
စော်ကားလိုက်သေးတယ်။ ဘောပဲ
မန်းကလန် !”

"ဟုတ်တယ်.....ယန်မန်း!
လုပ်လိုက်ကြရအောင်!"

"လနတ်သမီးခန်းမနဲ့ ငါတို့
ခန်းမသခင်အတွက် မန်းကလန်ကို
သတ်ကြ။”

ဝုန်း.....

စကားသံများ ဆူညံစွာ
ထွက်ပေါ်လာပြီးနောက်
လနတ်သမီးခန်းမ၏ မရေမတွက်နိုင်သော
အဖွဲ့ဝင်များအားလုံး ရှေ့ကို တိုးလာကာ
လူသတ်အော်ရာများအသီးသီး
ထုတ်လွှတ်လိုက်ကြသည်။

အဘိုးအိုမန်းယွမ်နှင့် အခြားလူများ၏ မျက်နှာပေါ်တွင် ကြမ်းတမ်းသောအမူအရာများ ပေါ်လာသည်။မန်းကလန်က လနတ်သမီးခန်းမ၏ သိုင်းကျောဇ်များကို ကြောက်စရာမလိုပေ။ သို့သော် ပြဿနာက လက်ရှိ ဤနေရာတွင် သူတော်စင်တစ်ပိုင်းအဆင့် ၄ ပါးရှိနေသည်။

လနတ်သမီးခန်းမသာ တိုက်ခိုက်လာပါက

၎င်းတို့လည်း ထိပ်တိုက်ရင်ဆိုင်ရန်မှလွဲ၍

ရွေးချယ်စရာမရှိပေ။

အကယ်၍ ၎င်းတို့ တိုက်ခိုက်မည်ဆိုပါက

အဘိုးအိုမူဟဲ တို့အုပ်စုသည်လည်း

ကျိန်းသေပေါင် တိုက်ခိုက်ပါလိမ့်မည် ။

ထိုအချိန်တွင် အခြေအနေသည်

မန်းကလန်၏ ထိန်းချုပ်မှုထက်

ကျော်လွန်သွားမည်ဖြစ်သည်။ ထို့နောက်

တိုက်ပွဲ ပြီးဆုံးတာနဲ့ မန်းကလန်က

သေချာပေါက် ပြီးသွားနိုင်ပေသည်။

ဤအချိန်တွင် အဘိုးအိုမှုဟဲနှင့် အခြားလူများသည်လည်း အနည်းငယ် ထိတ်လန့်သွားကြသည်။

ယန်ယဲ့သည် လနတ်သမီးခန်းမ၏ အဖွဲ့ဝင်များကို လူသတ်ချင်စိတ်များ နှိုးဆွပေးလိမ့်မည်ဟု သူတို့ မမျှော်လင့်ထားခဲ့ကြပေ။

"သောက်ကျိုးနည်းဟ။ သူက တကယ်ပဲ မန်းကလန်တစ်ခုလုံးကို ဖျက်ဆီးပစ်ချင်နေတာလား။"

“သတ်!” ရုတ်တရက်ဆိုသလိုပင် ယန်ယဲ့၏ အသံသည် ပွဲတင်ထပ်လာကာ လူတိုင်းထိတ်လန့်စွာကြည့်နေစဉ်မှာပဲ မန်းကလန် ဆီသို့ အရင်ဦးဆုံး ပြေးဝင်သွားလေသည်။

လနတ်သမီးခန်းမ၏ အဖွဲ့ဝင်များသည်လည်း ခဏတာတုံ့ဆိုင်းသွားကာ ထို့နောက် ရှေ့ကိုတရကြမ်းပြေးတက်သွားကြတော့သည်။

"မင်းထွက်သွားလို့ရပြီ!" ဒီအချိန်မှာပဲ အဘိုးအိုမန်းယွမ်က ယန်ယဲ့ရှေ့တွင် ရုတ်တရက်ပေါ်လာပြီး သူ့လက်နှစ်ဖက်လုံးကို တင်းတင်းဆုပ်ထားရင်း ယန်ယဲ့ကို စိုက်ကြည့်နေသည်။

ယန်ယဲ့က ကြောက်လန့်သွားခြင်းမရှိပေ။ ထိုအစား အဘိုးအိုမန်းယွမ်ကို ပြန်စိုက်ကြည့်ကာ "တကယ်ပါပဲ။

သနားစရာကောင်းလိုက်တာ"ဟု
လှောင်ပြောင်လိုက်လေသည်။

အဘိုးအိုမန်းယွမ်
ပြောလိုက်သည့်စကားကြောင့်
အဘိုးအိုမှူဟဲ နှင့် အခြားသူများ
နောက်ကနေလိုက်မလာတော့ကြောင်း
သေချာပေါက်သိလိုက်သောကြောင့်ပင်။

နောက်ဆုံးတော့ လူတိုင်းက
သူတို့ခံစားခဲ့ရသည့် အရှက်တရာကို
ဖြေဖျောက်ရန် ရောက်လာကြသည်သာ။

အသေအချာပင်၊ အဘိုးအိုမူဟဲ နှင့်
အခြားသူများက မန်းယွမ်၏ စကားကို
ကြားလိုက်ချိန်တွင် လနတ်သမီးခန်းမ၏
အဖွဲ့ဝင်များကို ဦးဆောင်၍
ထွက်ခွာရန်ပြင်လိုက်ကြသည်။
အဘိုးအိုမူဟဲက ယန်ယွဲ့ကို ကြည့်လိုက်ပြီး
"သွားရအောင်!"

ယန်ယွဲ့ လည်း မတတ်သာစွာ ပခုံးတွန့်ပြပြီး
လှည့်ထွက်သွားသည်။ ဒီအချိန်မှာပဲ

အဘိုးအိုမန်းယွမ်က ရုတ်တရက် ပြောလာသည်။ "ဒီနေ့ အရှက်တရားအတွက် မင်းကို ငါသေချာပေါက် ဆယ်ဆ ပြန်ပေးဆပ်ခိုင်းမယ်!"

သို့သော် ယန်ယဲ့ သည် အဘိုးအိုမန်းယွမ်ကို ဂရုမစိုက်ဘဲ လူတိုင်း၏ အမြင်အာရုံကနေ လျင်မြန်စွာ ပျောက်ကွယ်သွားခဲ့သည်။

...

အဘိုးအိုမူဟဲက မူချင်းဖန်ကို သီးသန့်စကားပြောနိုင်သည့်နေရာသို့ ခေါ်သွားသည်။

"ယန်မန်းကို မြေးရဲ့လနတ်သမီးခန်းမှာ နေခွင့်ပေးလို့မရဘူး။" အဘိုးအိုမူဟဲ ပထမဆုံးပြောလာသည့်စကားက မူချင်းဖန်ကို အံ့အားသင့်သွားစေသည်။

သူမ အသံတိုးတိုးလေးဖြင့် "ဘာလို့လဲ" ဟု ပြန်မေးလိုက်သည်။

အဘိုးအိုမူပဟဲက “သူက အရမ်းစိတ်ဆတ်ပြီး စိတ်မြန်လွန်းတယ်။ အရေးကြီးဆုံးကတော့ သူက တကယ်ကို သတ်လွန်းတယ်။ သူသာနေခွင့်ရရင် လနတ်သမီးခန်းမက တစ်နေ့နေ့မှာ ကြီးကြီးမားမား ဘဒုက္ခဖြစ်မှာသေချာတယ်။

ဒီနေ့ ဖြစ်ပျက်ခဲ့တဲ့အတိုင်းပဲ။ ဒီနေ့ မန်းရှိကို အနိုင်ယူပြီး မသတ်ဘဲနေလိုက်ရင်

အခြေအနေတွေက
ထိန်းမနိုင်သိမ်းမရဖြစ်သွားမှာမဟုတ်ဘူး။
 ဒါပေမဲ့ သူ မလုပ်ခဲ့ဘူး။ ဒါ့အပြင် သူက
မန်းကလန် တစ်ခုလုံးကို သတ်ပစ်ဖို့တောင်
ရည်မှန်းထားသေးတယ်။”

စကားပြောနေရင်း အဘိုးအိုမူဟဲ၏
မျက်လုံးများသည် အနည်းငယ်
ကျဉ်းမြောင်းသွားကာ “ငါ သူ့ကို သိသွားပြီ။
သူက လုံးဝကို ရန်လိုတဲ့လူတစ်ယောက်ပဲ။
ဘယ်အချိန်မှာ ရပ်တန့်ရမယ်ဆိုတာ

မသိတဲ့လူက မြင့်မြတ်နယ်မြေမှာ
အချိန်ကြာကြာအသက်ရှင်နိုင်မှာမဟုတ်ဘူး
။

ဒါကြောင့် ကလေးမလေး၊ သူ့ကို
လနတ်သမီးခန်းမကနေ ထွက်ခိုင်းလိုက်ပါ။
ဒါက လနတ်သမီးခန်းမအတွက်ဖြစ်သလို
မင်းရဲ့အကျိုးအတွက်ပဲ!”

မှူချင်းဖန်ဟာ အဘိုးဖြစ်သူ၏ စကားကို
လုံးဝမငြင်းဆိုနိုင်သောကြောင့်
တိတ်ဆိတ်သွားသည်။

ဤအဖြစ်အပျက်က သူမကို
ယန်မန်းဟုခေါ်သည့်လူက
မည်မျှအန္တရာယ်ရှိသည်ကို
သက်သေပြခဲ့၏။

"တကယ်လို့ မန်းယွမ်က လက်မခံဘူးဆိုရင်
သူက မန်းကလန် ကို
တကယ်သတ်မှာလား။"

"ဘယ်လိုတောင် ခေါင်းကိုက်နေသလဲ!"
မှူချင်းဖန်က ခေါင်းခါလိုက်သည်။

ရုတ်တရက် သူမ တစ်ခုခုကို တွေးနေပုံရပြီး
“ဒါနဲ့ အဘိုး။
သူတော်စင်တစ်ပိုင်းအဆင့်တွေတောင်
ဟာကျူလီသံချပ်ကာကို
မချိုးဖျက်နိုင်ဘူးလို့ ပြောခဲ့တာမဟုတ်လား။
အခု သူက ဘာကြောင့်
အောင်မြင်သွားတာလဲ။ မြေးအမြင်အရဆို
သူက ဓားသမားမဟုတ်ဘူး။"

အဘိုးအိုမူဟဲက စကားမပြောခင်
ခဏလောက် မျက်မှောင်ကြုတ်ပြီး

"ရှင်းရှင်းပြောရရင် ငါလည်း ဒါကို ရှင်းမပြနိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ သူတကယ်လုပ်ခဲ့တဲ့အခိုက်အတန့်က သူ့အောင်မြင်နိုင်မှာမဟုတ်ဘူးလို့ ငါတို့အားလုံး ခံစားနေရတဲ့အချိန်မှာလုပ်ခဲ့တာလေ။ ပြီးတော့ သူဒီလိုလုပ်နိုင်မယ်မထင်လို့ ဘယ်သူမှဂရုတစိုက်သတိမထားကြဘူး။

ဟားဟား! အခုတော့ သူက အစပိုင်းမှာ အားနည်းသလို ဟန်ဆောင်နေပုံပဲ။ လူတိုင်း သူ့ကို သတိမထားမိတဲ့အချိန်မှာ

သူ့ရဲ့အစွယ်ကို
ခဏလေးထုတ်ပြလိုက်တာကိုး။ အဲဒီလူ
မန်းရှိုက တကယ့်ကို ဆန်းကြယ်နေတယ်!”

၈၈၃

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၈၈၃ - ဖူဂျင်းရှန် နှင့် တွေ့ဆုံခြင်း

"သူက တကယ်ပဲ!" မူချင်းဖန် လည်း သဘောတူဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။ အကယ်၍ မန်းရှီသာ မောက်မာမနေဘဲ သူ့ရန်သူကို လျှော့မတွက်ပါက ဟာကျူလီသံချပ်ကာဝတ်ဆင်ထားချိန်တွင် သူ့ကို သတ်ပစ်ရန် မဖြစ်နိုင်ပေ။

ကံမကောင်းစွာပဲ၊ မန်းရှီက သူ့ကိုယ်သူအထင်ကြီးမောက်မာခဲ့သည်။ တစ်နည်းပြောရလျှင် မန်းရှီက သူ၏မောက်မာမှုကြောင့် သေဆုံးသွားခြင်းပင်။

"ယန်မန်းနဲ့ ဘာဆက်လုပ်ရမလဲဆိုတာ မင်းပဲဆုံးဖြတ်လိုက်ပါ။"ထိုစကားပြောပြီးသည်နှင့် အဘိုးအိုမှုဟဲက ချက်ချင်းပျောက်ကွယ်သွားသည်။

"ငါသူ့ကိုနေခိုင်းရမလား ဒါမှမဟုတ် သူ့ကိုထွက်သွားခိုင်းရမလား။" မှုချင်းဖန်က တွေးလေတွေးလေ ခေါင်းပိုကိုက်လာသလိုခံစားလိုက်ရသည်။

လနတ်သမီးခန်းမ၏
အတွင်းပိုင်းအခန်းတစ်ခုတွင်။

ယန်ယွဲ့သည် အခန်းထဲသို့ ဝင်လာပြီး
ကုတင်ပေါ်တက်လိုက်သည်။
ထို့နောက် သူက ကုတင်ပေါ်မှာ
လဲလျောင်းနေသည့် ဖူဂျင်းရှန်ကို
ကြည့်လိုက်၏။
ဒီအချိန်မှာ သူမ၏ဝတ်ရုံက
သန့်ရှင်းတောက်ပြောင်သွားပါပြီ။

သူမကိုယ်ပေါ် ရှိ ဒဏ်ရာများက ပို၍
ကောင်းမွန်လာသော်လည်း
သူမ၏မျက်နှာပေါ် ရှိ အမာရွတ်များ
ရှိနေဆဲဖြစ်သည်။ဤအရာက သူမ၏
ချောမောလှပသောအသွင်အပြင်ကို
ကြောက်မက်ဖွယ်အဖြစ်ပြောင်းလဲစေခဲ့သ
ည်။

နှစ် ၁၀၀၀ သက်တမ်းရှိတဲ့
မီးသလင်းကျောက်ပေးတဲ့အတွက်
ကျေးဇူးတင်ပါတယ်။ဒါပေမဲ့

ငါ့ကိုပေးတာက အလဟာသပဲ မဟုတ်ဘူးလား!?" ဖူဂျင်းရှန်က တိုးတိုးလေးပြောပြီး ယန်ယဲ့ကို ကြည့်နေသည်။

ယန်ယဲ့က ခေါင်းခါလိုက်ပြီး ဒါက ပိုင်ဆိုင်မှုတစ်ခုသက်သက်ပဲလေ။ မှန်တယ် .... အဲဒီမီးသလင်းကျောက်က မင်းမျက်နှာပေါ်က အမာရွတ်တွေကို ကုသဖို့

လုံလောက်သင့်တယ်ဟုတ်လား။ဘယ်လိုလဲ
?"

"အရမ်းဆိုးနေသလား" ဖူဂျင်းရှန်၏
ပါးစပ်ထောင့်တွင် အပြုံးတစ်ခု
ပေါ်လာသည်။ သူမက "ငါ့ရဲ့
လက်ရှိအသွင်အပြင်ကို ဘယ်သူမှ
စိတ်ဝင်စားမှာ မဟုတ်ဘူးလို့ ငါထင်တယ်....
မဟုတ်လား"

ယန်ယဲ့က သူမကို ငုံ့ကြည့်ပြီး သက်ပြင်းချကာ "ဘာလို့ ဒီလောက်စကားရှည်နေရတာလဲ!"

သူမက နင်သိလား။ မန်ရှီက ငါ့ယောက်ျားနဲ့ ကလေးကို သတ်ခဲ့တဲ့လူတွေထဲက တစ်ယောက်ပဲ။ဒီနေ့ သူနဲ့တွေ့တဲ့အခါ ကောင်းကင်က လက်စားချေဖို့ အခွင့်အရေးပေးတယ်လို့ ထင်မိပေမယ့် တကယ်တမ်းကျတော့ ငါဒီလောက် အားနည်းလိမ့်မယ်လို့ ဘယ်တုန်းကမှ

မမျှော်လင့်ထားဘူး။ရန်သူကို
မသတ်နိုင်တဲ့အထိကို အားနည်းလွန်းတယ်။
ပြီးတော့လည်း အားလုံးကို
ဒီပြဿနာတွေထဲ
ဆွဲခေါ်လိုက်သေးတယ်လေ။
ငါ ငါတကယ်မုန်းတယ်။ ငါ့ရဲ့စွမ်းအားမဲ့မှုကို
ငါတကယ်မုန်းတယ်။ငါ့ကိုယ်ငါမုန်းတယ်!အ
ဟွတ်... အဟွတ်.

ဒေါသအသံလေးနှင့်ပြောလိုက်ချိန်တွင် သူမ၏ နှုတ်ခမ်းထောင့်မှ သွေးများ စီးကျလာခဲ့သည်။

ယန်ယဲ့က ပုဝါတစ်ထည်ကို ထုတ်ယူပြီး သူမထံကမ်းပေးလိုက်ကာ မန်းရှီ သေသွားပြီ။ငါသူ့ကိုသတ်လိုက်တယ်။"

ဖူဂျင်းရှန်က ယန်ယဲ့၏ ဂရုတစိုက်အပြုအမူကြောင့် ပို၍ပင်

စိတ်လှုပ်ရှားလာသည်။အချိန်အတော်ကြာ
အောင် သူမ ငြိမ်သက်သွားခဲ့သည်။

သူမက ယန်ယဲ့ ကမ်းပေးသည့် ပုဝါကို
ယူကာ ပါးစပ်ထောင့်ရှိ သွေးများကို
သုတ်လိုက်ပြီး သူ့ကို စိုက်ကြည့်ကာ
နင်သိလား.လူတိုင်းက နင့်ကို
အရူးတစ်ယောက်၊ ရူးသွပ်တဲ့လူ၊
အရူးလူသတ်သမားလို့
ပြောကြတယ်။ဒါပေမဲ့ တကယ်တမ်းတော့
နင်က လူကောင်းတစ်ယောက်ပဲ။"

"ငါက လူကောင်းလား?" ယန်ယဲ့က တဟားဟား ရယ်ရင်း ခေါင်းယမ်းလိုက်ပြီး "ငါက လူကောင်းတစ်ယောက်လို့ မင်းတစ်ယောက်ပဲ ပြောဖူးသေးတယ်။ငါက မင်းရဲ့မိုးဝိညဉ်မျိုးနွယ်စုကို ဖျက်ဆီးခဲ့တာ မမေ့ပါနဲ့။"

ဖူဂျင်းရှန် က "နင့်ရဲ့ရန်သူတွေနဲ့ ရင်ဆိုင်ရတဲ့အခါ အရမ်းရက်စက်ပြီး အရူးတစ်ယောက်လို သတ်ဖြတ်တယ်။

နင့်ရဲ့အမှောင်ဖက်ခြမ်းကို

အဆုံးအစွန်ထိထုတ်ဖော်တတ်တယ်။

ဒါ့အပြင် နင်က ရန်သူတွေနဲ့

ရင်ဆိုင်ရတဲ့အခါ အဆုံးအစမဲ့တဲ့

သတ်ဖြတ်ခြင်းကိုပဲလုပ်ဆောင်တယ်။

အဲဒါကြောင့် နင့်ကို အရူးလူသတ်သမားလို့

ခေါ်တာ။ဒါပေမဲ့

နင့်ဘေးကလူတွေအပေါ်မှာတော့

အရမ်းကောင်းပါတယ်။

သူတို့နဲ့ဆိုရင် နင့်ဆီမှာ လူသတ်ချင်စိတ်

ဒါမှမဟုတ် ရက်စက်ကြမ်းကြုတ်မှုတွေ

ထွက်လာတာမျိုး မရှိပါဘူး၊ ပြီးတော့ နင်က
အရမ်းချစ်စရာကောင်းတယ်။ခ်ခ်....။
ဒါ့အပြင်.

ဖူဂျင်းရှန်က စကားကို ခဏရပ်ပြီးမှ
ဆက်ပြောသည်။ "နင်
ရှေးဟောင်းမြင့်မြတ်မြို့တော်ကို
စရောက်ကတည်းက ဘယ်သူ့ကိုမှ
မစော်ကားဖူးဘူးဆိုတာ
ငါသတိထားမိပါတယ်လေ။
တခြားသူတွေက နင့်ကို

ပြဿနာရှာနေရင်တောင်

အကြိမ်ကြိမ်သည်းခံပေးသေးတယ်။

ဒါပေမဲ့ နင့်ရဲ့သည်းခံမှုကို

ရပ်တန့်လိုက်ရင်တော့

အစုလိုက်အပြုံလိုက်သတ်ဖြတ်ပွဲဆိုတာသေချာ

သွားပြီ။

ဒါတွေကြောင့် လူတိုင်းက နင့်ကိုအရူး၊

အရူးလူသတ်သမားလို့

ခေါ်ကြတယ်။ဒါပေမဲ့ လူတိုင်းရဲ့

သဘောသဘာဝအရ

နင်ဘာလို့ဒီလိုဖြစ်လာတာလဲ ဆိုတာ ဘယ်သူမှမတွေးဖူးဘူး!"

ယန်ယဲ့က သူမကို တစ်ချက်ကြည့်လိုက်ပြီး ဒီအကြောင်းအရာကို ဆက်မပြောချင်တော့ဘဲ မီးဝိညာဉ်မျိုးနွယ်စုရဲ့ဘိုးဘေးနဲ့တွေ့တော့ မင်းကိုဘာပြောလိုက်သေးလဲ။"ဟုမေးလိုက်သည်။

ဖူဂျင်းရှန် လည်း အခြေအနေကို

သဘောပေါက်ဟန်ဖြင့် ထိုအကြောင်းကို

ဆက်မပြောခဲ့ပေ။သူမက နောက်ထပ်

ဘာရှိသေးမှာလဲ။မီးဝိညာဉ်ဘိုးဘေးက

ကိုယ့်ကိုယ်ကိုတောင်

မကာကွယ်နိုင်တော့လို့

မြို့ထဲမှာနေဖို့ကလွဲလို့

ရွေးစရာမရှိတော့ဘူးလေ။ ပြီးတော့ သူက

ငါ့ကို မြို့ထဲမှာ ဒုက္ခမပေးခိုင်းဘူး။ဒါကြောင့်

သူတို့ကို

ဒုက္ခမပေးစေချင်ဘူး။ဟားဟား!သူတို့တကယ်ပဲ ငါ့ကို အဆက်ဖြတ်ဖို့ ကြံနေတာလေ။"

၈၈၄

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၈၈၄ - ဟာကျူလီသံချပ်ကာကို သိမ်းသွင်း

ယန်ယဲ့က ခေါင်းယမ်းပြီး "ဒါဆိုလည်း မပြန်နဲ့တော့။ လနတ်သမီးခန်းမမှာပဲနေလေ။"

ထို့နောက် နောက်ထပ် နှစ် ၁၀၀၀ သက်တမ်းရှိ မီးသလင်းကျောက်ကို ထုတ်ကာ ဖူဂျင်းရှန်၏ အိပ်ယာဘေးတွင် ချထားလိုက်သည်။

သူက “မင်းသာ ငါ့ကို အသိမပေးခဲ့ရင် အဲဒီနေ့က မီးဝိညာဉ်နယ်မြေကနေ လွတ်မြောက်နိုင်မှာမဟုတ်ဘူး။

လက်စားချေဖို့ ခွန်အားကို အားကိုးတကြီးနဲ့ မင်းကို ငါမတားပါဘူး၊ ဒါပေမဲ့ ဒါက မင်းကို ငါကူညီနိုင်တာပဲ။”

"နင်က ထင်သလောက်တော့ မရက်စက်သေးဘူး!" ဖူဂျင်းရှန်က သူ့ကို စိုက်ကြည့်ရင်း “ငါသာ တကယ်ဆိုရင် နင် ငါ့ကိုသတ်ပစ်မှာလေ။ ဘာပဲဖြစ်ဖြစ် ငါကအချိန်မရွေးသေသွားနိုင်တယ်။ မြို့ထဲမှာတောင်ပေါ့။ နင်ရှိနေမှပဲ လုံခြုံနိုင်မှာ။ ပြီးတော့ ငါသာ

နင့်ရဲ့အစစ်အမှန်ပုံရိပ်ကို ဖော်ထုတ်လိုက်ရင် နင်သေမှာ သေချာတယ်။”

ယန်ယဲ့က ရယ်မောပြီး “အရင်က ပြောခဲ့သလိုပဲ။ ငါ့ကို မစော်ကားတဲ့သူတွေကို မစော်ကားပါဘူး။ ငါ့မှာ ကိုယ်ပိုင်ကန့်သတ်ချက်တွေရှိတယ်၊ အဲဒီကန့်သတ်ချက်တွေကို ငါလုံးဝ ကျော်မသွားဘူး။ ငါမင်းကိုသတ်စရာအကြောင်းမရှိဘူး၊

မင်းပြောခဲ့တဲ့အကြောင်းပြချက်တွေကြောင့်
ငါ့ရဲ့အသိစိတ်က ငါ့ကိုခွင့်ပြုမှာမဟုတ်ဘူး။
ဒါ့အပြင် အဲဒါက
ငါ့ရဲ့စားတာအိုနဲ့မကိုက်ညီဘူးလေ။ ပြီးတော့
မင်းငါ့ကို ဖော်ထုတ်ရင်တောင်
ငါမသေနိုင်ဘူး!" ထိုစကားပြောပြီးတာနဲ့
လှည့်ထွက်သွားပါသည်။

ဖူဂျင်းရှန် သည် သူမ၏လက်ထဲမှ
မီးသလင်းကျောက်ကို
ကျစ်ကျစ်ပါအောင်ဆုပ်ထားပြီး

ထွက်သွားသော ယန်ယဲ့၏နောက်ကျောကို
အချိန်တော်တော်ကြာသည်ထိ
စိုက်ကြည့်နေသည်။
နောက်ဆုံးတွင် သူမ၏ အကြည့်ကို ပြန်
ရုပ်သိမ်းလိုက်သည်။

သူမ အကြည့်ကို ရုတ်သိမ်းလိုက်သည်နှင့်
သူမ၏ မျက်လုံးများတွင်
ခံစားချက်များသည်
ချက်ချင်းပြောင်းလဲသွားပြီး

ရက်စက်ကြမ်းကြုတ်မှုများနှင့် ပြည့်နှက်လာခဲ့သည်။

"ဘာပဲလုပ်လုပ် ငါ ပိုသန်မာလာရမယ်!" တိုးညှင်းသောအသံသည် အခန်းတွင်း၌ ထွက်ပေါ်လာသည်။

...

ယန်ယဲ့ သည် ဖူဂျင်းရှန်၏ အခန်းမှ ထွက်သွားပြီးနောက် သူ့အခန်းသို့ ပြန်သွားပြီး ပထမဆုံးလုပ်သည်မှာ မူလစေတီထဲသို့ ပစ်ထည့်ထားသည့် မန်းရှီ၏အလောင်းကို အပြင်ထုတ်ယူလိုက်ပါသည်။

သူက လူသေအလောင်းများကို စိတ်ဝင်စားသူတော့မဟုတ်ချေ။ မန်းရှီ၏ အလောင်းမှ ဟာကျူလီသံချပ်ကာကိုသာ စိတ်ဝင်စားနေပါသည်။

သူသည် တိုက်ပွဲအတွင်း ၎င်း၏ခွန်အားကို ကိုယ်တိုင်ကိုယ်ကျ တွေ့ကြုံခံစားခဲ့ရသည်မဟုတ်ပါလော။

မန်းရှီ၏ မျက်ခုံးနှစ်ခုကြားသို့ ထိုးဖောက်နိုင်သည့်အကြောင်းအရင်းက နှစ်ချက်ရှိပေသည်။

ပထမဦးစွာ ၎င်းက သူ့ကို အထင်အမြင်သေးပြီး သတိလွတ်နေခြင်းပင်။

ဒုတိယအချက်က သူ၏အဆင့် ၁၁ ဓားစိတ်ဆန္ဒ နှင့်

မိုးကြိုးငါးသွယ်ဓားကျင့်စဉ် အဆင့် ၃၊ မော်တယ်သတ်ဓား တို့ကို အလျင်အမြန် အသုံးပြုလိုက်ခြင်းပါ။

သူ၏ အစစ်အမှန်ခွန်အား တစ်စိတ်တစ်ပိုင်းကို အသုံးချခဲ့သည်ဟု ဆိုနိုင်သည်။

သို့သော် ထိုအချိန်တွင်ပင် ချပ်ဝတ်တန်ဆာ၏ အတားအဆီးကို ခံစားမိသေးသည်။

တစ်နည်းဆိုရသော် သူ၏ ခွန်အားအပြည့်သည်ပင်

ဟာကျူလီသံချပ်ကာ၏

အကာအကွယ်ခံစစ်ကို

မဖြတ်ကျော်နိုင်လုနီးပါးပါ။

မန်းရှီ သာ အနည်းငယ်သတိရှိနေပြီး

ရှောင်ထွက်သွားလျှင် ၎င်းကို

သတ်နိုင်မည်မဟုတ်ပေ။

အကယ်၍ သူသည်

ဟာကျူလီသံချပ်ကာကို

ဝတ်ဆင်လိုက်ပါက

နတ်နဂါးဘိုးဘေးချပ်ဝတ်တန်ဆာနှင့်

ထပ်ပေါင်းလျှင် သူတော်စင်တစ်ပိုင်းအဆင့်

၁ ပါးနှင့် ထိပ်တိုက်ရင်ဆိုင်နိုင်ပေမည်။

ထို့အပြင် သူ့လက်ထဲမှာ
အားပြောင်းအားလွှဲဒိုင်း နှင့် ရေခဲတာအိုဒိုင်း
ပါရှိနေသေး၏။

တစ်နည်းပြောရလျှင် ဤအချိန်ကစပြီး
သူဟာ သူတော်စင်တစ်ပိုင်းအဆင့်ကို
ကြောက်နေစရာမလိုတော့ပေ။

သို့သော် သူ့တွင်
ပြဿနာအနည်းငယ်ရှိနေ၏။

ဟာကျူလီသံချပ်ကာက မန်းရှီ၏
ခန္ဓာကိုယ်ပေါ်တွင် တင်းကြပ်စွာ
ရစ်ပတ်ထားပြီး ခွဲယူရမည့်ပုံမပေါ်ပေ။

အရေးကြီးဆုံးကတော့ အလောင်း၏
မျက်ခုံးနှစ်ခုကြားရှိ ဓားဒဏ်ရာအပေါက်က
ပြန်ပိတ်သွားခဲ့သည်။ တစ်နည်းဆိုရသော်
သူက ဟာကျူလီသံချပ်ကာကို လုံးဝ
မယူနိုင်သေးပါ။

ယန်ယဲ့သည် နေရာတွင် အချိန်အတော်ကြာ

တိတ်ဆိတ်နေပြီးမှ ရုတ်တရက်

အကြံတစ်ခုရလိုက်သည်။

ထို့နောက် သူက မန်းရှီ၏

အလောင်းကိုကိုင်ထားကာ မူလစေတီ၏

မှော်ဆေးပညာခန်းမထဲသို့

ဝင်ရောက်သွားလေသည်။

"မင်းက အရမ်းသန်မာတယ်၊ ငါမင်းကို

နည်းနည်းကြော်လိုက်မယ်။ မင်း ဒါမှမဟုတ်

နတ်ယင်မီးတောက်က
ပိုအားကောင်းသလား ကြည့်ရအောင်။”

ခဏအကြာတွင် ယန်ယဲ့ဟာ
ဆေးလုံးသန့်စင်သည့် မီးဖိုရှေ့သို့
ရောက်သွားသည်။

ဆေးမီးဖိုတွင်းရှိ နတ်ယင်မီးတောက်များကို
စိုက်ကြည့်ရင်း သူ့စိတ်ထဲ အနည်းငယ်
ချီတုံချတုံ ဖြစ်နေသည်။

အနည်းငယ်သောအမှားက
ဟာကျူလီသံချပ်ကာကို ပြာအဖြစ်
မီးရှို့ပစ်လိုက်နိုင်ပါသည်။

သို့သော် ဤအချိန်မှာ
အခြားရွေးချယ်ရာလည်းရှိပါမည်လော။
ဟာကျူလီသံချပ်ကာက အလွန်ခိုင်ခံ့ပြီး
သူ၏အင်အားအပြည့်တိုက်ခိုက်မှုဖြင့်ပင်
၎င်း၏ အပါးလွှာဆုံး အစိတ်အပိုင်းကို
အပေါက်တစ်ခုသာ ထိုးဖောက်နိုင်ခဲ့သည်။
၎င်းကို ဖယ်ရှားရန် လုံးလုံး မဖြစ်နိုင်ပေ။

မည်သို့ပင်ဖြစ်စေ သူဟာ မန်းရှိ၏

အလောင်းကို နတ်ယင်မီးတောက်ထဲသို့

အလွယ်တကူပစ်ချရလောက်သည်ထိတော့

လူမိုက်မဟုတ်ချေ။ ထို့နောက်

တစ်ချက်စဉ်းစားနေပြီးမှ

အလောင်းကိုနတ်ယင်မီးတောက် ဆီသို့

ဖြည်းညှင်းစွာ ရွှေ့လိုက်သည်။

အစပိုင်းတွင်

ဘာမှထူးထူးခြားခြားမဖြစ်ခဲ့ပေ။

သို့ရာတွင် ဟာကျူလီသံချပ်ကာက
တဖြည်းဖြည်းကွာကျလာသည်ကို
သတိပြုမိလိုက်၏။

ဤအခြေအနေကြောင့် ယန်ယဲ့သည်လည်း
အတော်လေး ဝမ်းသာသွားကာ
အလောင်းတစ်ခုလုံးကို
နတ်ယင်မီးတောက်ထဲသို့
လုံးလုံးပစ်ထည့်လိုက်ပါတော့သည်။

၈၈၅

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၈၈၅ - ငြင်းဆန်နေတာလား

မကြာခင်မှာပဲ ယန်ယဲ့သည်

ဟာကျူလီသံချပ်ကာထဲရှိ မန်းရှီ၏

အလောင်း

ပြာကျသွားသည်ကိုသတိပြုမိလိုက်ပါသည်။

လုံးဝပြိုကွဲသွားပြီ။

ထို့နောက် သူက ဟာကျူလီသံချပ်ကာကို ကောက်ယူကာ နတ်ယင်မီးတောက် အနီးသို့ရွှေ့လိုက်သည်။

တစ်ချိန်တည်းမှာပင် သူက စူးစိုက်ကြည့်ပြီး လေးလေးနက်နက်ပြောလိုက်သည်။

“မင်းငါ့စကားကိုကြားနိုင်တယ်ဆိုတာ ငါသိတယ်။

ငါမင်းကိုနောက်ဆုံးအခွင့်အရေးတစ်ခုပေးမယ်။ မင်းငါ့ကိုလက်မခံရင် မီးဖိုထဲပစ်ချပြီး မီးရှို့လိုက်မယ်!"

သူတော်စင်လက်နက်တစ်ခုသည်
၎င်း၏ကိုယ်ပိုင်အသိစိတ်အစစ်အမှန်ကို
မဖွဲ့စည်းထားသော်လည်း
၎င်း၏အသိစိတ်ကအဆင့်တစ်ခုရှိနေသည်
မှာ သေချာပါသည်။

သူက မန်းကလန်၏
အဖွဲ့ဝင်မဟုတ်သောကြောင့် ၎င်းကို
သာမာန်ပုံစံဖြင့်
ထိန်းချုပ်နိုင်ခြင်းမရှိပေ။ထို့ကြောင့်
ခြိမ်းခြောက်ရုံသာ တတ်နိုင်သည်။

သို့သော် ဟာကျူလီသံချပ်ကာက တုံ့ပြန်မှု မပြပေ။

ယန်ယဲ့၏ အကြည့်သည် အေးခဲသွားကာ "ငါ ၃ အထိ ရေတွက်မယ်။ အဲဒါကိုမှ မင်းငြင်းနေသေးရင် အဲဒီမီးလျှံထဲမှာ မင်းကို ရေချိုးခိုင်းလိုက်မယ်!"

"တစ်!"

ဟာကျူလီသံချပ်ကာက
အသိစိတ်မရှိသည့်အလား မည်သည့်
တုံ့ပြန်မှုမှ မပြသေးပါ။

"သုံး!"

စကားဆုံးသည်နှင့် သူ့လက်ကို ဝှေ့ယမ်းကာ
နတ်ယင်မီးတောက် ထဲသို့
လွှင့်ပစ်လိုက်သည်။

ဆေးမီးဖိုထဲ ဝင်ခါနီးမှာ ရုတ်တရက် ပေါက်ကွဲထွက်ပြီး မရေမတွက်နိုင်သော ရွှေညိုရောင် အရည်စီးကြောင်းများအဖြစ် ပြောင်းလဲသွားသည်။

အရည်များက ယန်ယွဲ့ ရှေ့သို့ ချက်ချင်းရောက်လာပြီး သူ့ကို ဖုံးအုပ်လိုက်သည်။

ယန်ယွဲ့ သည် သက်ပြင်းချလိုက်သော်လည်း သိပ်မကြာခင်မှာပင် တုန်လှုပ်ချောက်ခြားသွား၏။

အဘယ်ကြောင့်ဆိုသော် သူ့ခန္ဓာကိုယ်ကို
သန်းချီသော သံကြိုးများဖြင့်
တင်းတင်းကျပ်ကျပ်
ချည်နှောင်ထားသကဲ့သို့ ရုတ်တရက်
ခံစားလိုက်ရကာ သူ့တစ်ကိုယ်လုံး
ကွဲအက်သွားသလို ခံစားလိုက်ရသည်။
ဟာကျူလီသံချပ်ကာက သူ့အပေါ်
ပို၍တင်းကျပ်လာသည်။
ယန်ယဲ့သည် တုံ့ဆိုင်းမနေဘဲ
စိတ်ဆန္ဒတစ်ခုကို ထုတ်ဖော်၍

နတ်နဂါးဘိုးဘေးချပ်ဝတ်တန်ဆာကိုအသ
က်သွင်းလိုက်သည်။

ရွှေရောင်နဂါးအကြေးခွံများက
သူ့ခန္ဓာကိုယ်တစ်ခုလုံးကို
ချက်ချင်းဖုံးလွှမ်းသွားပါသည်။

အနည်းငယ် နာကျင်မှု
ချက်ချင်းခံစားလိုက်ရပြီး သံချပ်ကာ
ဖိနှိပ်ထားသည့်အရှိန်က
နေ့းကွေးသွားသည်။ သို့သော်လည်း
မကြာခင်မှာပင် နဂါးအကြေးခွံများ
ကွဲအက်သွားပါတော့သည်။

ယန်ယဲ့လည်း ထိတ်လန့်သွားပြီး
ဖြေရှင်းနိုင်မည့်နည်းလမ်းကို
အလျင်အမြန်စဉ်းစားလိုက်သည်။

"ဒါကို ကိုင်တွယ်ဖြေရှင်းရမယ့်
နည်းလမ်းကို စဉ်းစားရမယ်။
ဒီလိုမှမဟုတ်ရင်
ဒါကိုဆက်ခွင့်ပြုလိုက်တာနဲ့ ငါ့ခန္ဓာကိုယ်က
ကွဲသွားမှာသေချာတယ်!" ယန်ယဲ့၏
အတွေးများသည် မရေမတွက်နိုင်အောင်

ပြန့်နှံ့သွားသည်။ ရုတ်တရက် သူ့စိတ်ထဲမှာ အကြံတစ်ခုရသွား၏။

သူ့လက်ချောင်းက အနည်းငယ် လှုပ်သွားပြီးလက်ချောင်းထိပ်မှ သွေးအဆီအနှစ်ကြိုးမျှင်လေး ထွက်လာပြီး ဟာကျူလီသံချပ်ကာ ပေါ်သို့ ကျရောက်သွားသည်။

သွေးအဆီအနှစ်က ချပ်ဝတ်တန်ဆာကို ချက်ချင်း ထိတွေ့လိုက်ပြီးနောက်

ယန်ယဲ့ဟာ ဖိနှိပ်နေသည့် အရှိန်

အနည်းငယ် လျော့ကျသွားသည်ကို

သတိပြုမိသည်။ သို့သော် မရပ်တန့်ခဲ့ပါ။

.

ထို့နောက် သူ၏ သွေးအဆီအနှစ်

တစ်စက်ကို ထပ်မံ ချလိုက်ပြန်သည်။

ဤသို့ဖြင့်

သူ့ခန္ဓာကိုယ်ပေါ် ဖိနှိပ်ထားသည့်အားက

တည်းဖြည်း နည်းပါးလာကြောင်း

သတိပြုမိခဲ့သည်။

သို့ရာတွင် သွေးအဆီအနှစ် တစ်ဒါဇင်ကျော်

ချလိုက်သည့်တိုင် ၎င်းက

အညံ့ခံလိုပုံမပြသေးပေ။

သွေးအဆီအနှစ်က လူတစ်ယောက်၏

အနှစ်သာရနှင့် အတူတူပင်။ အလွန်အကျွံ

သုံးပါက ခန္ဓာကိုယ်ကို

ထိခိုက်စေရုံသာမကဘဲ ခွန်အားကိုပါ

ထိခိုက်စေပါသည်။ သို့သော်

ယန်ယဲ့အနေဖြင့်

ယခုအချိန်တွင်ရွေးချယ်စရာမရှိသဖြင့်

လုပ်နိုင်သမျှ ဆက်လုပ်ရုံသာ…။

အကယ်၍သာ အရင်ကဆိုလျှင်
ခြိမ်းခြောက်နိုင်ပေမည်။သို့သော်
လက်ရှိတွင် ၎င်းက သူ၏ခန္ဓာကိုယ်ကို
တင်းကျပ်စွာ ရစ်ပတ်ထားသည်။

နောက်ထပ် သွေးအဆီအနှစ်
တစ်ဒါဇင်ကျော် ချပြီးသည့်တိုင်
ဟာကျူလီသံချပ်ကာက
လက်အောက်ခံမည့် အရိပ်အယောင်များ
မပြသေးပေ။

ယန်ယဲ့သည် ချက်ချင်းပင်
ဒေါသထွက်သွား၏။သွေးအဆီအနှစ်ကို
ထပ်မံ ထုတ်ယူပါက သူ၏ကျင့်ကြံမှု
ကျဆင်းသွားတော့မည်ဖြစ်သည်။

သူက ရုတ်တရက်ဆိုသလို
မတ်တပ်ထရပ်လိုက်ပြီး ဆေးမီးဖိုထံ
တည့်တည့် လျှောက်သွားကာ
"ဒါမျိုးဆက်လုပ်နေရင် မင်းကို
သတ်ပစ်မယ်။ မင်းအညှံ့ခံဖို့ ဆန္ဒရှိလား
မရှိဘူးလား။ မင်းမရှိရင် ငါနဲ့လိုက်ခဲ့!"

သို့တိုင် ဟာကျူလီသံချပ်ကာက
လုံးဝမတုံ့ပြန်ပါ။

၈၈၆

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၈၈၆ - အဆင့် ၃ သိုင်းကျော်

ယန်ယွဲ့က ပါးစပ်ထောင့်တွင်
ကြီးမားသောအပြုံးတစ်ခု ပေါ်လာပြီး
သူ့လက်ကို ဆေးမီးဖိုအစွန်းဖက်သို့
ဆန့်ထုတ်လိုက်လေသည်။

သို့သော် ထိုခဏလေးမှာပဲ ယန်ယွဲ့ဟာ
နှလုံးသားတစ်ခုလုံး တုန်ခါသွားပြီး
သူ့လက်ကို ပြန်ဆွဲလုနီးပါး
ပင်ဖြစ်သွားသည်။

နတ်ယင်မီးတောက်သည် သူထင်တာထက်
အများကြီး

ပိုကြောက်စရာကောင်းနေသည်ကို
သတိပြုမိသဖြင့် ၎င်းကို ထိတ်လန့်စွာ
စိုက်ကြည့်နေမိသည်။

သို့သော် သူ့နှလုံးသားကို
တုန်လှုပ်သွားစေရင်သည့်တိုင် လုံး၀
လက်မလျှော့ဘဲ အနားကို
တဖြည်းဖြည်းချင်း
ရွှေ့သွားလိုက်ပါတော့သည်။

"မင်း အရူးလုပ်မှာလား အညှိ့မခံဘူးလား!" ယန်ယွဲ့သည် ဒေါသတကြီးအော်ဟစ်ကာ ဆေးမီးဖိုထဲသို့ ခုန်ဆင်းဟန်ပြင်လိုက်၏။

ထိုအခိုက်တွင် ဟာကျူလီသံချပ်ကာ သည်ရုတ်တရက် လှုပ်ခါသွားကာ မကြာမီပင် ယန်ယွဲ့၏ ခန္ဓာကိုယ်မှ ပျောက်ကွယ်သွားခဲ့သည်။

တစ်ချိန်တည်းမှာပင် သူနှင့် သံချပ်ကာကြားတွင် ဆက်နွယ်မှုရှိကြောင်း ချက်ချင်း ခံစားမိလိုက်သည်။

ရုတ်တရက် သူ့နှလုံးသားထဲကနေ
စိတ်ဆန္ဒတစ်ခုကိုထုတ်ဖော်လိုက်ရာ
အသက်ရှူတစ်ရှိုက်စာတွင်းမှာပဲ
ဟာကျူလီသံချပ်ကာ က
သူ့ခန္ဓာကိုယ်တစ်ခုလုံးအား
ဖုံးအုပ်သွားပါတော့သည်။

ယန်ယဲ့ဟာ နောက်ဆုံးတွင်
သက်ပြင်းချလိုက်သည်။
သူသည် ၎င်းကို နောက်ဆုံးနည်းလမ်းအဖြစ်
ကြိုးစားခဲ့ခြင်းပင်။ ဟာကျူလီသံချပ်ကာကို

အမှန်တကယ် သိမ်းသွင်းနိုင်လိမ့်မည်ဟု

တစ်ခါမျှ မမျှော်လင့်ထားပေ။

မှန်ပါသည်။ ၎င်းကို သိမ်းသွင်းရန်

အသုံးပြုခဲ့သည့်နည်းလမ်းက

အလွန်အန္တရာယ်များ၏။

အကြောင်းအရင်းမှာ

သာမန်လူတစ်ယောက်က

ဟာကျူလီသံချပ်ကာ ကို ရခဲ့လျှင် ၎င်းကို

သိမ်းသွင်းရန် အသာထား၊

လက်အောက်ခံလျှင်ပင်

အသုံးပြုနိုင်မည်မဟုတ်ချေ။

ယန်ယဲ့၏ စိတ်ထဲ၌ ဟာကျူလီသံချပ်ကာ
ကို အသက်သွင်းထားပါက
သာမန်လူတစ်ဦးဟာ ချက်ချင်းပင်
အမှုန့်ဖြစ်သွားနိုင်ကြောင်း
ခံစားမိလိုက်ပါသည်။

ခဏအကြာတွင် ယန်ယဲ့ဟာ
ဟာကျူလီသံချပ်ကာကို ပြန်သိမ်းလိုက်ပြီး
အခြားအကျိုးသက်ရောက်မှုများကို
စစ်ဆေးကြည့်လိုက်၏။

နောက်ဆုံးတွင် မန်းရှီ၏ ခွန်အားသည်
ပေါက်ကွဲအားတိုးလာသည်ကို
ချက်ချင်းခံစားခဲ့ရသည့်အခိုက်အတန့်က
သူ့စိတ်အာရုံထဲမှာ
ကွက်ကွက်ကွင်းကွင်းရှိနေဆဲဖြစ်သည်။
ထိုအချိန်တွင် မန်းရှီ၏ ခွန်အားသည်
သူ့ထက်ပင်များစွာ
ကျော်လွန်သွားခဲ့လေသည်။

ယန်ယဲ့ဟာ တိုက်ပွဲမှ မြင်ကွင်းကို
တွေးနေရင်း အချိန်တော်တော်ကြာ
လေ့လာနေ၏။

ဟာကျူလီသံချပ်ကာ နှင့်
ချိတ်ဆက်လိုက်ချိန်တွင် ၎င်းမှ
လျှို့ဝှက်ဆန်းကြယ်သော စွမ်းအင်များ
ထွက်လာသည်ကို သတိပြုမိခဲ့သည်။

တစ်ချိန်တည်းမှာပင် တဟုန်ထိုး
တက်လာသော စွမ်းအင်ကို ချက်ချင်း
ခံစားလိုက်ရပြီး သူ၏လက်သီးကို ရှေ့သို့
တိုက်ရိုက် ထိုးချလိုက်ပါသည်။

အုန်း!

လက်သီးဖြင့် ထိုးချလိုက်သည့် ရှေ့မှ အာကာသဟင်းလင်းပြင်ဟာ ချက်ချင်းပင် ပြိုကျသွား၏။ ထို့နောက် ကြောက်မက်ဖွယ်ရာစွမ်းအားတစ်ခုပေါက်ကွဲထွက်လာပြီး အာကာသဟင်းလင်းပြင်ကို ထပ်မံ၍ ဆုတ်ဖြဲလိုက်ပါသည်။

သို့သော် သိပ်မကြာခင်မှာပဲ
အာကာသဟင်းလင်းပြင်သည်
မူလအခြေအနေအတိုင်း ပြန်ဖြစ်သွား၏။

"ဘယ်လောက်တောင်
ကြောက်စရာကောင်းလဲ!" ယန်ယဲ့သည်
သူ့လက်သီးကို စိုက်ကြည့်ရင်း မျက်လုံးထဲ၌
စိတ်လှုပ်ရှားမှုများ တဖျပ်ဖျပ်
ပေါ်လာသည်။

ဤအချိန်တွင် သူ၏ ခွန်အားသည် ၁၀
ဆကျော် တိုးလာသည်ကို

ရှင်းရှင်းလင်းလင်း
သိလိုက်ရသည်။ထို့ကြောင့်
သူတော်စင်တစ်ပိုင်းအဆင့် နှင့်
ရင်ဆိုင်တွေ့လျှင်ပင် ၎င်းအား
လက်သီးတစ်ချက်တည်းဖြင့်
လွင့်ပျံသွားစေနိုင်ကြောင်း
ယုံကြည်ပါသည်။

သူ၏ရုပ်ခန္ဓာခွန်အားသည်လည်း
အဆင့်တစ်ခုသို့ ရောက်နေပြီ ဖြစ်သည်။

ထို့အပြင်

နတ်နဂါးဘိုးဘေးချပ်ဝတ်တန်ဆာပါရှိနေ၏

။ တဖန် ယခုအချိန်တွင်

ဟာကျူလီသံချပ်ကာ ကို ထပ်မံ

ပိုင်ဆိုင်ထားပါပြီ။

၎င်းတို့နှင့် အားပြောင်းအားလွှဲဒိုင်း ၊

ရေခဲတာအိုဒိုင်း တို့ကို ထပ်ပေါင်းလိုက်ပါက

မည်မျှထိ

ကြောက်စရာကောင်းပါမည်နည်း။

လက်ရှိတွင် သူ၏ဓားစိတ်ဆန္ဒကို

အသုံးမပြုဘဲ သူတော်စင်တစ်ပိုင်းအဆင့်

နှင့် ရင်ဆိုင်နိုင်စွမ်းအပေါ် အလွန်

ယုံကြည်မှုရှိသည်။

ဟုတ်ပါသည်။ သာမန်

သူတော်စင်တစ်ပိုင်းအဆင့်များကိုသာ။

အဘယ်ကြောင့်ဆိုသော် သူ၏

ဓားကိုအသုံးပြုထားသည့်တိုင်

မီးဝိညာဉ်ဘိုးဘေးကဲ့သို့

သူတော်စင်တစ်ပိုင်းအဆင့်အား
အနိုင်ယူနိုင်မည်မဟုတ်ပေ။

ထို့နောက်တွင် ယန်ယဲ့သည်
ဟာကျူလီသံချပ်ကာ ကြောင့်
ကုန်ဆုံးသွားသည့် သွေးအဆီအနှစ်များကို
ပြန်ဖြည့်ရန် မူလစေတီထဲမှ
ချက်ချင်းမထွက်ခွာသေးဘဲ
တစ်နေကုန်ကြာ လေ့ကျင့်နေပါသည်။

ဤ၊ တစ်ကြိမ်
ရှေးဟောင်းမြင့်မြတ်မြို့တော်သို့ ခရီးစဉ်က
အတော်လေး အကျိုးအမြတ်ရခဲ့၏။

များပြားသော
တာအိုရတနာလက်များအပြင် အဆင့် ၃
သိုင်းကျမ်း ၆ သို့ပါ
တက်လှမ်းနိုင်ပြီဖြစ်သည်။

သူ့ဒဏ်ရာကနေ
ပြန်လည်သက်သာလာချိန်မှာ
မျိုချလိုက်သည့် နှစ် ၁၀၀၀ သက်တမ်းရှိ
မီးသလင်းကျောက်၏ စွမ်းအင်က အဆင့် ၃

သိုင်းကောရာဇ် သို့

အသားလေးတက်လှမ်းနိုင်စေခဲ့သည်။

ယင်းက အလွန်အံ့ဩစရာတစ်ခုဟု

ယူဆနိုင်သည်။

သို့သော် ယခုအချိန်တွင် အရေးကြီးဆုံးမှာ

အမှတ်များ အများအပြားရရှိရန်ဖြစ်သည်။

ဖြစ်နိုင်ရင် သူလည်း

သူတော်စင်နည်းစနစ်တစ်ခုခုကို

လဲလှယ်ရန်စဉ်းစားနေပါသည်။

ဟာကျူလီသံချပ်ကာ သည်
သူတော်စင်လက်နက်တစ်ခုဖြစ်သည်။
၎င်း၏ခွန်အားကို
သူကိုယ်တိုင်တွေ့ကြုံခံစားခဲ့ရသည်မဟုတ်
သလော။

ထို့ကြောင့် သူတောစင်အဆင့်ဟူသည့်
သူတော်စင်နည်းစနစ်က
အားနည်းမည်မဟုတ်ကြောင်း သူသိသည်။
ထို့အပြင်၊ သူ့တွင် ဓားနည်းစနစ် ၂
ခုသာရှိ၏။

နည်းစနစ်များ နည်းပါးသည်က သူ၏
အားနည်းချက်ဖြစ်သည်။

အရေးကြီးဆုံးကတော့ သူ့အနေဖြင့်
ရှေးဟောင်းဓား ကို ရယူရန်အတွက်
အနှောင်အဖွဲ့စေတီ ထဲသို့
ဝင်ရန်အမှတ်များစွာ ရှိထားရပေမည်။

ဤသို့ဖြင့်.......

အချိန်များက အလွန်လျင်မြန်စွာပင်
ကုန်ဆုံးသွား၏။

ယန်ယဲ့က ငရဲကေရီ
ပြောခဲ့သည့်စကားကိုသတိရပြီး
မူလစေတီထဲကနေ အပြင်သို့
ပြန်ထွက်လာလိုက်သည်။ ငရဲကေရီနှင့်
တွေ့ဆုံရမည့်အချိန်ရောက်လာပြီမဟုတ်ပါ
လား။

ငရဲကေရီ.....။

ယန်ယဲ့ ထွက်လာသည်နှင့် ငရဲကေရီက
လနတ်သမီးခန်းမ သို့ ရောက်လာခဲ့၏။

လနတ်သမီးခန်းမတွင် မည်သူမျှ
တားဆီးဝံ့ခြင်းမရှိကြပါ။

အစောင့်အကြပ်များက ငရဲကေရီကို
သတိပြုမိသော်လည်း အားလုံး
ရှေ့သို့မလှမ်းဝံ့ကြပေ။

လနတ်သမီးခန်းမကို အသာထား၊
မြင့်မြတ်နယ်မြေ၏
တားမြစ်နယ်မြေအချို့ကလွဲ၍
ရှေးဟောင်းမြင့်မြတ်မြို့တော်တွင် ငရဲကေရီ
မသွားနိုင်သည့် နေရာဟူ၍မရှိချေ။

ထို့အပြင် လူအနည်းငယ်မှလွဲ၍

အခြားမည်သူမျှ သူမကို မတားဝံ့ကြပေ။

၈၈၇

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၈၈၇ - ငါလိုက်သင့်လား

ထိုသို့ ဖြစ်ရခြင်းမှာ
အကြောင်းအရင်းရှိခဲ့ပေသည်။

အတိတ်တစ်ချိန်က ငရဲကေရီ ကို
မျက်နှာသာမပေးလိုသော မျိုးနွယ်စုတစ်ခု
ရှိခဲ့ဖူးသည်။
သို့သော် ငရဲကေရီက ထိုမျိုးနွယ်စုကို
မဖျက်ဆီးခဲ့ဘဲ
မျိုးနွယ်စု၏ဘိုးဘေးတစ်ဦးတည်းသာသတ်
ပစ်ခဲ့သည်။

ထို့အပြင် ထိုမျိုးနွယ်စုတွင်
ဘိုးဘေးအသစ်ရှိနေသရွေ့ ထိုဘိုးဘေးသည်
နောက်နေ့တွင် အသတ်ခံရမည်ဖြစ်သည်။

ထိုစဉ်က ငရဲကေရီ သတ်ခဲ့သော
ဘိုးဘေးက သူတော်စင်တစ်ပိုင်းအဆင့်
ပင်တည်း။

သို့ရာတွင် ထိုမျိုးနွယ်စုက ပြဿနာကို
စွန့်လွှတ်ရန် ငြင်းဆန်ခဲ့သည်။ ငရဲကေရီကို
လက်စားချေလိုသော် လည်း မတတ်နိုင်ဘဲ

မျိုးနွယ်စုပညာရှင်များပို၍ပင်

သေဆုံးသွားခဲ့သည်။

နောက်ဆုံးတွင် မတတ်သာတော့ဘဲ

မြင့်မြတ်ခန်းမများ ထံမှ

အကူအညီကိုတောင်းလိုက်ရတော့၏။

သို့သော် မြင့်မြတ်ခန်းမများက ၎င်းတို့ဟာ

ငရဲကေရိ၏ ကိစ္စများတွင်

ဝင်ရောက်စွက်ဖက်ပိုင်ခွင့် မရှိဟူ၍

ငြင်းဆိုလိုက်သည်။

ထိုနေ့မှစ၍ ငရဲကေရီကို
မျက်နှာသာမပေးလိုသော မျိုးနွယ်စု
သို့မဟုတ် ပညာရှင်မျိုး မရှိတော့ပေ။

ရှေးဟောင်းမြင့်မြတ်မြို့တော်ရှိ နှစ်ပေါင်း
၁၀၀,၀၀၀ ကြာ တည်ရှိလာသော
ရှေးဟောင်းမျိုးနွယ်စုကြီးများပင်လျှင်
ခြွင်းချက်မရှိပါဘူး။ ငရဲကေရီ နှင့်
ရင်ဆိုင်တွေ့ချိန်တွင် အားလုံးက သူမကို
တလေးတစားဆက်ဆံကြ၏။

၎င်းကလည်း ငရဲကေရီ၏ စွမ်းအားနှင့်
အမည်မသိနောက်ခံကြောင့် ဖြစ်သည်။

သူမသည် အလွန်လျှို့ဝှက်ဆန်းကြယ်ပြီး
ကြောက်စရာကောင်းလှ၏။

"အဆင့် ၃ သိုင်းကေရာဇ်။ နှင့်ရဲ့ခွန်အားက
တက်လာပြန်ပြီ။" စကားသံနှင့်အတူ
ငရဲကေရီက အခန်းထဲသို့ ဝင်လာရင်း
ပြောလိုက်သည်။

ယန်ယွဲ့က ခေါင်းညိတ်ပြီး "ငါက မင်းထက် အဆပေါင်းများစွာ ယုတ်ညံ့သေးတာပဲ!"

“ကျိုးနွံနေဖို့ မလိုပါဘူး။ ငါ့အထင် နင်က လုံး၀ မပျော့ညံ့ဘူး!" ငရဲကေရီက ယန်ယွဲ့ကို ကြည့်ကာ ထပ်ပြောလိုက်သည်။

ယန်ယွဲ့က ပြုံးပြီးပြောလိုက်သည်။ "တကယ်တော့ ငါအရမ်းသိချင်တယ်။ မင်းလို အဆင့်ရှိတဲ့သူတစ်ယောက်က

မစ်ရှင်ကိုခက်ခဲတယ်လို့
ခံစားရလောက်အောင်
ဘယ်လိုအရာမျိုးလဲ။"

သူမက “ငရဲကမ္ဘာပင်လယ်ထဲမှာ
ကျောက်ခေါင်းတလား ၉ ခု
ရုတ်တရက်ကြီးပေါ်လာတယ်။ အဲဒီကို
သွားပြီး လေ့လာတဲ့ မြင့်မြတ်နယ်မြေက
ပါရမီရှင်တွေအကုန်လုံး
ထူးထူးဆန်းဆန်းသေဆုံးသွားခဲ့တယ်။
ငါတို့ရဲ့တာဝန်က အကြောင်းရင်းကို စုံစမ်းဖို့

ဒါမှမဟုတ် ကျောက်ခေါင်းတလား ၉ ခုကို
ပြန်သယ်လာဖို့ပဲ။"

ယန်ယွဲ့က ရုတ်တရက် မေးလိုက်သည် ၊
"မြင့်မြတ်နယ်မြေမှာ ပညာရှင်တွေ
အများကြီးပဲလေ။ ဘာလို့ မလုပ်ကြတာလဲ။
"

" ငရဲကမ္ဘာပင်လယ်က
ပင်လယ်မျိုးနွယ်စုတွေနဲ့ သက်ဆိုင်တယ်။
ပင်လယ်မျိုးနွယ်စုတွေနဲ့ လူသားမျိုးနွယ်ရဲ့

ဆက်ဆံရေးက ပြီးခဲ့တဲ့နှစ်တွေမှာ လုံးဝကို ဆန့်ကျင့်ဖက်ပဲ။

ဒါကြောင့် ပင်လယ်သူတော်စင်က ငရဲကမ္ဘာပင်လယ်မှာ မဟာဝက်ံပါအစီအရင်တစ်ခုတည်ဆောက်ထားခဲ့တယ်။

သူတော်စင်တစ်ပိုင်းအဆင့် နဲ့အထက်ဆင့် လူသားပညာရှင်တွေက ငရဲကမ္ဘာပင်လယ်ကို ဝင်ခဲ့ရင် မူလခွန်အား ၅၀ ရာခိုင်နှုန်းထိ ဖိနှိပ်ခံရမယ်။ ပြီးတော့

ပင်လယ်သူတော်စင်က

သူ့ရဲ့ဝိညာဉ်ကြိုးမျှင်ပါချန်ထားခဲ့သေးတယ်။

လူသားမျိုးနွယ်ရဲ့

သူတော်စင်တစ်ပိုင်းအဆင့်တွေ

ငရဲကမ္ဘာပင်လယ်ထဲကို

ခြေတစ်လှမ်းချလိုက်တာနဲ့

ဝိညာဉ်ကြိုးမျှင်က အလိုလိုပေါ်လာပြီး

ချက်ချင်းသတ်ပစ်လိမ့်မယ်။" ငရဲဧကရီက

တစ်ခုချင်းရှင်းပြခဲ့သည်။

ယန်ယဲ့က ထပ်မေးလိုက်၏။ "ဒီတော့ အဲဒီကျောက်ခေါင်းတလား ၉ ခုမှာ မင်းလိုလူတောင်ကြောက်ရတဲ့အရာရှိနေလို့လား။"

ငရဲကေရီက "အဲဒီကျောက်ခေါင်းတလား ၉ ခုရဲ့နံဘေးမှာ စောင့်ကြပ်နေတဲ့ ကျောက်တုံးရုပ်သေးရုပ် ၉ ခုရှိတယ်။ အဲဒါတွေကို ယာယီထိန်းထားဖို့ တစ်ယောက်ယောက်လိုတယ်"

"သူတို့ ဘယ်လောက် သန်မာလဲ"
ယန်ယွဲ့သည် သူမ၏စကားကြောင့်
သိပ်ပြီးခံစားချက်မကောင်းတော့ပေ။

"သူတို့က သူတော်စင်တစ်ပိုင်းအဆင့်တွေ!"

သောက်ကျိုးနည်း။
ယန်ယွဲ့ဟာ ပါးစပ်ထောင့်များပင်
ပြင်းထန်စွာ တုန်လှုပ်သွားပြီး "ငရဲကောရီ၊
မင်းငါ့ကို သူတော်စင်တစ်ပိုင်းအဆင့် ၉

ပါးနဲ့ ရင်ဆိုင်ခိုင်းဖို့လား။ ဒါဆို မင်းငါ့ကို
သိပ်ပြီး
အထင်ကြီးနေတာမဟုတ်ဘူးလား?"

သူတော်စင်တစ်ပိုင်းအဆင့် ၉ ရုပ်သေး ၉
ခုကို တစ်ပြိုင်နက်တည်း
တိုက်ခိုက်ရမည်လော။

သူ၏လက်ရှိခွန်အားက ဓားကိုအသုံးမပြုဘဲ
သူတော်စင်တစ်ပိုင်းအဆင့် ၁ ပါးကိုပင်
အသည်းအသန် တိုက်ခိုက်ရပေမည်။

ထို သူတော်စင်တစ်ပိုင်းအဆင့်အား

အနိုင်ယူနိုင်စွမ်းရှိမရှိပင် မသိပေ။

သူ၏ဓားကို အသုံးပြုနိုင်ပါက

သူတော်စင်တစ်ပိုင်းအဆင့်

ကိုအနိုင်ယူနိုင်သည်ဟု သေချာပေါက်

ယုံကြည်နေသည်။

သို့ရာတွင် သူတော်စင်တစ်ပိုင်းအဆင့် ၉

ပါးက ဖိနှိပ်ရေးကျောက်တုံးကို

အသုံးပြုထားလျှင်ပင် မဖြစ်နိုင်ပေ။

“နင်တစ်ယောက်တည်း
လုပ်ခိုင်းတာမဟုတ်ဘူး” ငရဲကောရီက
ပြန်ဖြေလိုက်သည်။

"မင်း ငါ့အပြင် တခြားသူတွေကိုလည်း
ဖိတ်ခေါ်ထားတာလား။"

"ဟုတ်တယ်!" သူမက “နင့်ရဲ့ခွန်အားက
မဆိုးပေမယ့် သူတော်စင်တစ်ပိုင်းအဆင့် ၉
ပါးကိုတော့ ရင်ဆိုင်နိုင်မှာမဟုတ်ဘူးလေ။"

ယန်ယဲ့ သည် ထိုစကားကိုကြားသောအခါ သက်ပြင်းတစ်ချက်ချကာ "အခြားဘယ်နှစ်ယောက်လောက်လဲ" ဟု မေးလိုက်၏။

"နှစ်ယောက်!"

ယန်ယဲ့ဟာ
ဘယ်လိုစကားပြောရမှန်းပင်မသိလောက်
အောင်ဖြစ်သွားပါသည်။

"လာ၊ သူတို့ ဒီမှာ!" ငရဲကေရီ၏
ခန္ဓာကိုယ်သည် တဖျပ်ဖျပ်တောက်ပလာပြီး
အလင်းတန်းတစ်ခုအဖြစ်
ပြောင်းလဲသွားသည်။

"ငါ သွားသင့်လား၊ မသွားသင့်ဘူးလား။"

ယန်ယဲ့ သည် မဆုံးဖြတ်ခင်
ခဏကြာတုံ့ဆိုင်းသွား၏။

အမှန်စင်စစ် ငရဲကေရီသာ ရှုးမနေပါက
သူမ၏ သေလမ်းကိုရှာနေမည်မဟုတ်ပေ။

သူမက လူ ၃ ဦးကို ဖိတ်ခေါ်ထားပြီး
ဤမစ်ရှင်ကိုအောင်မြင်ရန်
ယုံကြည်နေသောကြောင့်အဖွဲ့၏စွမ်းရည်ကို
သူမသေချာပေါက် ယုံကြည်ထားပုံရသည်။

ထို့အပြင် မစ်ရှင်အောင်မြင်ပါက သူလည်း အနည်းဆုံး အမှတ် ၁၀၀,၀၀၀ ရရှိမည်ဖြစ်သည်။

၈၈၈

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၈၈၈ - ထွက်ခွာပြီ

ယန်ယဲ့သည် လနတ်သမီးခန်းမကနေ

ထွက်လာချိန်တွင် ငရဲကောရီ

ဖိတ်ခေါ်ထားသည့် အခြားလူ ၂ ယောက်ကို

တွေ့လိုက်ရသည်။

အမျိုးသားနှင့်အမျိုးသမီး စုံတွဲပါ။

အမျိုးသားက အဖြူရောင်ဝတ်ရုံကို

ဝတ်ဆင်ထားကာ ချောမောပြီး

မျက်နှာပေါ်တွင် အပြုံးမပျက် ရှိနေသည်။

ထို့အပြင် သူသည် အခြားသူများကို

မကူညီနိုင်ဘဲ ရင်းနှီးသွားစေသည့်

သက်တောင့်သက်သာအရှိန်အဝါကို
ထုတ်လွှတ်နေသည်။
အခြားတစ်ဖက်တွင်မူ
အဆိုပါအမျိုးသမီးသည်
အစိမ်းရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး
ပိန်ပိန်သွယ်သွယ်ရှိသည်။ သို့သော်
သူမ၏အသွင်အပြင်က အရမ်းလှသည်ဟု
မဆိုနိုင်ပေ။ ရုပ်ဆိုးသည်ဟုပင်ဆိုနိုင်သည်။
သူတို့၏ အသွင်အပြင်က
ရိုးရှင်းသော်လည်း လုံးဝမရိုးရှင်းကြောင်း
ယန်ယဲ့လည်း သတိပြုမိသည်။

နောက်ဆုံးတွင် ငရဲကေရီက
မစ်ရှင်ဆောင်ရွက်ရန်
ဖိတ်ခေါ်ထားသူများဖြစ်ရာ
မည်သို့ရိုးရှင်းပါမည်နည်း။

ငရဲကေရီက သူတို့နှစ်ယောက်ကို
လက်ညှိုးထိုးပြပြီး "ဝမ်ယန်၊ ချင်းမင်" ဟု
တုံးတိပြောလိုက်သည်။

သူတို့၂ယောက်က ယန်ယွဲ့ကို
အသာခေါင်းညိတ်ပြသည်။ ယန်ယွဲ့ကလည်း

အသိအမှတ်ပြုသည့် အမူအရာပြန်ပြပြီး "ယန်မန်း"

ထို့နောက်တွင်တော့ သူတို့ ၄ ယောက်စလုံးဟာ လနတ်သမီးခန်းမကနေ ထွက်ခွာလာခဲ့ကြသည်။

ငရဲကေရိက သူတို့၏ နောက်ခံအကြောင်း သူ့ကို မပြောခဲ့သလို သူ့နောက်ခံအကြောင်းကိုလည်း မရှင်းပြခဲ့ပေ။

သို့တိုင် မည်သူမျှ

တစ်ယောက်အကြောင်းတစ်ယောက်

မေးမြန်းကြခြင်းမပြုပါ။

…

မန်းကလန်……

"ဘိုးဘေး၊ ယန်မန်းက

ရှေးဟောင်းမြင့်မြတ်မြို့တော်ကနေ

ထွက်သွားပြီ!"
အနက်ရောင်ဝတ်လူတစ်ဦးက
အဘိုးအိုမန်းယွမ် ရှေ့မှာ ရပ်ပြီး
လေးလေးစားစား နှုတ်ဆက်လိုက်သည်။

ထိုအချိန်မှာ တင်ပျဉ်ခွေလျက်ထိုင်နေသည့်
အဘိုးအိုမန်းယွမ်က ရုတ်တရက်
မျက်လုံးပွင့်လာသည်။
အနက်ရောင်ဝတ်လူက ဆက်ပြောလိုက်၏။
“ဒါပေမဲ့ သူက ငရဲကောရီ အပြင်
တခြားအမည်မသိစုံတွဲနဲ့ ထွက်သွားခဲ့တာ။"

"ငရဲကေရီ ?" အဘိုးအိုမန်းယွမ်၏ မျက်လုံးများ မှိတ်သွားသည် ။ သူက ခဏတာ တုံ့ဆိုင်းသွားပြီး အဆုံးတွင် မတ်တပ်ထမရပ်ပေ။

လွန်ခဲ့သည့်နှစ်များစွာက ငရဲကေရီ ဟာ ဟဲကလန်လို ရှေးဟောင်းကလန်ကြီးတစ်ခုကိုပင် အကြီးအကျယ် အကြပ်ရိုက်စေခဲ့သည်။

မန်းကလန်က ဟဲကလန် ထက် အနည်းငယ် ပိုအားကောင်းသော်လည်း ငရဲကေရီ၏

ဒေါသကို လုံးဝမခံနိုင်ပါ။ ထို့အပြင် သူ၏ သေးငယ်သော မန်းကလန်ကို အသာထား၊ မြင့်မြတ်ခန်းမများပင်လျှင် ငရဲကေရီ၏ နောက်ကွယ်မှလျှို့ဝှက်ဆန်းကြယ်သောနော က်ခံကို ကြောက်ရွံ့နေကြသည်။

သို့သော် အဘိုးအိုမန်းယွမ်က အံကြိတ်လိုက်ပြီး

"ဘာပဲဖြစ်ဖြစ် မန်းရှီအတွက် လက်စားချေရမှာဖြစ်သလို ဟာကျူလီသံချပ်ကာကိုလည်း

ပြန်ယူရမယ်။မင်း ထားခဲ့လို့ရပြီ။
ငါကိုယ်တိုင်ဖြေရှင်းလိုက်မယ်!"စကားဆုံး
တာနဲ့ အခန်းထဲကနေ ရုတ်ချည်း
ပျောက်သွားပါတော့သည်။

…

ယန်ယဲ့ သည် တစ်နာရီခန့်ပုံျသန်းပြီးနောက်
အတော်လေး ခေါင်းကိုက်နေခဲ့သည်။

ငရဲကေရီ၏ အရှိန်က
အလွန်လျင်မြန်နေသောကြောင့်ပင်။
သူမ၏အရှိန်သည် အသံထက်ပင်
အဆပေါင်းများစွာ မြန်ဆန်နေခဲ့သည်။

ကံကောင်းထောက်မစွာ သူ၏ ခွန်အားကို
အပြည့်အဝထုတ်ဖော်ပြီး ပျံသန်းလိုက်ရာ
ငရဲကေရီနှင့် သိပ်ပြီးမကွာတော့ပေ။

သို့သော် ယန်ယွဲ့သည် ငရဲကေရီက
အရှိန်အနည်းငယ် လျှော့ချလိုက်သည်ကို
သတိပြုမိလိုက်၏။

ထိုသို့မဟုတ်လျှင်
မိုးကောင်းကင်ခြေလှမ်းကို
အသုံးပြုသည့်တိုင် ငရဲကေရီကို
အမှီလိုက်နိုင်မည်မဟုတ်ချေ။

တစ်ချိန်တည်းမှာပင် ယန်ယဲ့ဟာ ဝမ်ယန်နှင့်
ချင်းမင်တို့က သာမန်မဟုတ်ကြောင်း
သတိပြုမိခဲ့သည်။အကြောင်းအရင်းမှာ
သူတို့နှစ်ဦးက ငရဲကေရီ လောက်
မမြန်သော်လည်း
အရမ်းကြီးကွာဟာမနေခဲ့ပေ။

ထို့အပြင် သူတို့နှစ်ဦးက ခွန်အားကို
အပြည့်အဝ အသုံးမချရသေးပုံပင်။

မည်သို့ပင်ဆိုစေ ယန်ယဲ့ကတော့
နောက်ဆုံးတွင်သာရှိနေ၏။

နေ့ရောညပါ ပျံသန်းပြီးနောက်
နောက်ဆုံးတွင် သူတို့ ၄ ဦးသည်
ရှေးဟောင်းမြို့တစ်မြို့ရှေ့သို့
ရောက်ရှိလာခဲ့ကြသည်။

ငရဲကေရိက သူတို့ရှေ့မှ မြို့ကို
လက်ညှိုးထိုးပြပြီး “အဲဒီမြို့ကို
"အမည်မဲ့မြို့" လို့ ခေါ်တယ်၊ အဲဒီထဲမှာ
ပုန်းကွယ်နေတဲ့ ကျားနဲ့နဂါးတွေ ရှိတယ်။
ခွန်အားကပဲ အမည်မဲ့မြို့ရဲ့
စည်းမျဉ်းဖြစ်ဆယ်။" ထို့နောက် သူမက
စကားကို ခဏရပ်ကာ ယန်ယဲ့ကို
လှည့်ကြည့်လိုက်ရင်း "နင်ဒီမှာ
တိုက်ခိုက်ရင်
တော်တော်လေးဒုက္ခဖြစ်လိမ့်မယ်။

ဒါကြောင့် နင်းတစ်ယောက်တည်း
လှည့်မကြည့်နဲ့၊ ငါနဲ့နေပါ။
အဆင်ပြေလား?"

"ငါ့ကို ဒုက္ခအများကြီးပေးနေတဲ့ သူတစ်
ယောက်လိုထင်နေသလား" ငရဲကေရီ၏
စကားကြောင့် ယန်ယွဲ့ဟာ မျက်နှာတစ်ခုလုံး
မည်းမှောင်သွားပါသည်။

ငရဲကေရီက ခေါင်းခါလိုက်သည်။
"မဟုတ်ဘူး၊ တခြားသူတွေက နင့်ကို
ပြဿနာရှာမှာစိုးလို့"

ယန်ယဲ့ သည် စကားမပြောနိုင်။

ဝမ်ယန်နှင့် ချင်းမင် တို့လည်း ငရဲကေရီ
ပြောလိုက်သည့် စကားကြောင့် ယန်ယဲ့ကို
အံ့သြစွာ ကြည့်လိုက်ကြသည်။

ငရဲကောရီ၏ ဆိုလိုရင်းကို သိထားသဖြင့်
မည်သည့်အကြောင်းအရင်းဟု
အံ့အားသင့်ခဲ့ကြရသည်။

ဆိုလိုသည်မှာ ဤလူ ယန်မန်းက
အလွန်အန္တရာယ်များသည်ဟု
သွယ်ဝိုက်အသိပေးလိုက်ခြင်းပါ။

သို့သော် သူတို့ရှေ့တွင် ရပ်နေသော
ထိုလူသည် သူတို့အတွက်
အလွန်ရိုးရှင်းသည်ဟုသာ ခံစားရသည်။

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၈၈၉ - အမည်မဲ့မြို့

ငရဲကေရီက သူတို့ကို လေထဲကနေ မြို့ဆီသို့ ပျံသန်းမသွားခိုင်းဘဲ မြေပြင်ပေါ်ဆင်းရန် အချက်ပြလိုက်သည်။

ထို့နောက် ရှေ့ကနေ ဦးဆောင်၍ မြို့ဝင်ပေါက်ဆီသို့ လျှောက်သွားသည်။

မြို့ဝင်ပေါက်ကို
အစောင့်အကြပ်မရှိသော်လည်း သူတို့ ၄
ယောက်လုံး မြို့ထဲသို့ ဝင်ခါနီးတွင်
အပေါ် ပိုင်းဗလာနှင့် ထွားကြိုင်းသော
လူလတ်ပိုင်းအရွယ်
အမျိုးသားတစ်ဦးပေါ်လာပြီး ရှေ့ကနေ
ပိတ်ရပ်ထားလေသည်။

"ဝင်ကြေး! ဝင်ကြေး! မလုံလောက်ရင်
မင်းတို့အသက်နဲ့ ပေးဆပ်!"
လူလတ်ပိုင်းအရွယ်က ဖြူနေသော

ညာလက်ကို ဆန့်တန်းကာ
လောဘကြီးစွာဖြင့် ပြုံးပြလိုက်သည်။

ငရဲကေရီက သူမ၏လက်ချောင်းများကို
ပွတ်ဆွဲလိုက်ပြီး
အဆင့်လွန်စွမ်းအင်ကျောက်တုံး တစ်တုံးကို
၎င်းထံသို့ ပစ်ပေးလိုက်သည်။

အဆင့်လွန်စွမ်းအင်ကျောက်တုံး ကို
မြင်လိုက်ချိန်တွင် ၎င်း၏မျက်လုံးများက

ပြုံးကျယ်သွားကာ ပါးစပ်ထောင့်မှ

တံတွေးတစ်စီစီ စီးကျလာသည်အထိပင်။

တဖန် သူက မျက်လုံးထောင့်ကပ်ပြီး

ငရဲကေရီ၏အုပ်စုကို

တစ်ချက်ကြည့်လိုက်ရာ လူအုပ်စုကို

ဦးဆောင်လာသည့် အမျိုးသမီးက

ချီးမြှောက်ခြင်းနယ်ပယ်သာရှိပြီး

ကျန်လူများတွင် အသန်မာဆုံးက အဆင့် ၅

သိုင်းကေရာဇ် သာ ရှိနေသည်ကို

သတိပြုမိလိုက်သည်။

ထို့ကြောင့် သူသည် စွမ်းအင်ကျောက်တုံးကို
အလျင်အမြန်ဖယ်ထုတ်လိုက်ပြီး
ငရဲကေရိဆီသို့ လက်ကို ဆန့်ကာ
“ဝင်ကြေး! ဝင်ကြေး! ဒီဟာမလုံလောက်ရင်
မင်းအသက်နဲ့ ပေးဆပ်ရမယ်!"

"ဒါဆို ငါ နင့်ကိုအဆုံးသတ်ပေးမယ်။"
ငရဲကေရိထံမှ စကားသံ ထွက်လာသည်နှင့်
လူလတ်ပိုင်း၏ ခေါင်းက လေထဲသို့
ရုတ်တရက် ပျံတက်သွားသည်။

ယန်ယဲ့ဟာ စကားမပြောဘဲ
ခေါင်းယမ်းလိုက်သည်။လူတိုင်းဟာ
၎င်းတို့၏ အတ္တလောဘနှင့်
အသိဉာဏ်မိုက်မဲမှုကြောင့်
အမြဲလိုလိုသေဆုံးကြသည်။

နောက်ဆုံးတော့ ငရဲကေရှိ၏
အသွင်အပြင်က ပုံမှန်မဟုတ်ကြောင်း
ပြသနေသည်မဟုတ်ပါလော။
သို့ရာတွင် လူလတ်ပိုင်းက
မတော်လောဘကြောင့် အမှောင်ဖုံးသွားပြီး

တစ်ဖက်လူ၏
အခြေအနေကိုသတိပြုမိနိုင်ခြင်းမရှိပေ။
တစ်နည်းဆိုရသော် လူလတ်ပိုင်း၏
လောဘက သူ့ကိုပြန်သတ်သွားခြင်းပင်။

"ငါ့နယ်မြေမှာ ဘယ်သူသတ်ဝံ့တာလဲ။
အသက်ရှင်ရတာ ပင်ပန်းနေပြီလား?"
ဒေါသတကြီးကြိမ်းဝါးသံ ပဲ့တင်ထပ်လာပြီး
မျက်နှာပေါ်တွင်ကင်းမြီးကောက်တက်တူးနဲ့
လူတစ်ယောက်က ယန်ယဲ့နှင့်အဖွဲ့ဆီသို့
ဦးတည်ပျံသန်းလာခဲ့လေသည်။

၎င်းက ထွားကြိုင်းသော
သက်လတ်ပိုင်းလူ၏ အလောင်းကို
မြေပြင်ပေါ်၌ မြင်လိုက်ချိန်တွင်
ဒေါသတကြီးဖြစ်ကာ သူ့လက်ထဲမှဓားဖြင့်
ငရဲကေရိကို ထိုးချိန်လိုက်ပြီး "ခွေးမလေး!
ငါ့သခင်ပေါင်၊ ငါ့နယ်မြေမှာ ချမှတ်ထားတဲ့
စည်းမျဉ်းတွေကို မသိဘူးလား။ ငါ့ကိုယုံပါ!
ဒီနေ့ မင်းကို အလှည့်ကျ လုပ်ပေးမယ်!"

"ဒီကောင်တော့ပြီးသွားပြီ။"

ဤတစ်ကြိမ်မှာတော့

ယန်ယဲ့တင်မဟုတ်ပေ၊ ဝမ်ယန်နှင့် ချင်းမင်

တို့ပင်လျှင် ခေါင်းခါယမ်းလိုက်ကြသည်။

အဘယ်ကြောင့်ဆိုသော် ဤလူက အသက်

၁၀၀ သက်ရှိနေလျှင်ပင်

အသက်ရှင်နိုင်တော့မည်မဟုတ်ချေ။

"ငါ့ကို စိတ်ညစ်အောင်လုပ်တဲ့အတွက်

အပြစ်ဒဏ်က သေဆုံးခြင်းပဲ။" ငရဲကေရီက

စကားပြောပြီးသည်နှင့် လက်ကို
ဖြည်းညှင်းစွာ မြှောက်လိုက်သည်။

ရုတ်တရက် စိုးရိမ်သော အသံတစ်ခု
ထွက်ပေါ်လာသည် "မြင့်မြတ်တဲ့ကောရီ၊
ကျေးဇူးပြုလို့ သနားပါ။"

သို့သော် ငရဲကောရီ၏ လက်က
လုံးဝရပ်တန့်သွားခြင်းမရှိပေ။
သူမ၏လက်ကို အသာယမ်းလိုက်ရာ
အဖြူရောင်အလင်းတန်းတစ်ခု

လင်းလက်သွားပြီး ထိုလူ၏ဦးခေါင်းက
လေထဲသို့ ပျံတက်သွားလေသည်။

ငရဲကေရိက အလွန်လျင်မြန်သောကြောင့်
ယန်ယဲ့ နှင့် စုံတွဲပင်လျှင် သူမ၏
လှုပ်ရှားမှုကို ရှင်းရှင်းလင်းလင်း
မမြင်လိုက်ကြပေ။

ကင်းမြီးကောက်တက်တူးနှင့်လူ၏ ခေါင်း
လေထဲသို့ ပျံသွားချိန်တွင် အားလုံး
အံ့အားသင့်သွားကြသည်။

ထိုအချိန်တွင် ထိုလူနှင့် အလွန်ဆင်တူသော လူလတ်ပိုင်းအရွယ် အမျိုးသားတစ်ဦး ရောက်လာသည်။ ထိုလူ၏ခန္ဓာကိုယ်ကို မြင်သောအခါတွင် သူ၏လက်သီးများကို ချက်ချင်းဆုပ်ကိုင်လိုက်ပြီး သူ့မျက်နှာပေါ်တွင် ရက်စက်ကြမ်းကြုတ်မှုများပင် ပေါ်လာသည်။ သို့သော် ငရဲကေရီက ၎င်းကို ဂရုမစိုက်ဘဲ ယန်ယဲ့နှင့် စုံတွဲကို မြို့ထဲသို့ ခေါ်သွားခဲ့သည်။

"မြင့်မြတ်တဲ့ကေရီ၊
ဒီအတိုင်းပဲထားခဲ့တော့မှာလား။"
လူလတ်ပိုင်းအရွယ်က အသံတိုးတိုးဖြင့်
ပြောလိုက်သည်။

ငရဲကေရီက ခြေလှမ်းကိုရပ်ပြီး "နင် ငါ့ကို
တကယ်နေစေချင်တာလား"

လူလတ်ပိုင်း၏မျက်နှာသည် ပြင်းထန်စွာ
တုန်လှုပ်သွားပြီး ရုတ်တရက်
အသက်ပြင်းပြင်းရှူကာ

"မြင့်...မြင့်မြတ်တဲ့ကေရီ၊ ကျေးဇူးပြုလို့ ဆက်သွားပါ" ဟု အလျင်စလိုလေသံဖြင့် ပြောလိုက်၏။

ငရဲကေရီ ထွက်သွားသည်ကို စိုက်ကြည့်နေသည့် လူလတ်ပိုင်း၏ မျက်နှာဟာ ထိတ်လန့်တကြား မှုန်ကုပ်နေပါသည်။ သို့သော် သူမကို နေဖို့ မတောင်းဆိုရဲပေ။

မြို့ထဲသို့ လျှောက်လာရင်း ယန်ယဲ့၏

မျက်ခုံးများသည် တဖြည်းဖြည်း

တင်းကျပ်လာခဲ့သည်။အကြောင်းအရင်းမှာ

အမည်မဲ့မြို့က အမှန်ပင် ဖရိုဖရဲ

ဖြစ်နေလို့ပါ။

လမ်းမများပေါ်တွင်

လဲကျသေဆုံးနေသူများကို

အဆက်မပြတ်တွေ့မြင်ခဲ့ရသည်။

ဤအတောအတွင်း သူတို့အဖွဲ့အား

ပစ်မှတ်ထားတိုက်ခိုက်လိုသူများလည်း

အများအပြားရှိသေး၏။ သို့ရာတွင်

သူတို့အဖွဲ့က
အနည်းငယ်ထူးခြားနေသောကြောင့်
မည်သူမျှ မတိုက်ခိုက်ဝံ့ဘဲ သူတို့ကို
စူးစူးစိုက်စိုက်သာ ကြည့်နေခဲ့ကြသည်။

.၈၉၀

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၈၉၀ -
သူတော်စင်တစ်ပိုင်းအဆင့်က
ဈေးရောင်းနေသလား

အဘယ်ကြောင့်ဆိုသော် အန္တရာယ်များနှင့်
ပြည့်နှက်နေသော နေရာကို လာရဲသူများက
လျှို့ဝှက်နောက်ခံ သို့မဟုတ် ၎င်းတို့၏
ခွန်အားကို ဖုံးကွယ်ထားကြသည်။

ထိုအချိန်တွင် အဖြူရောင်ဝတ်အမျိုးသားက
ရုတ်တရက် မေးလာသည်

"မြင့်မြတ်တဲ့ကောရီ၊ ငါတို့က ငါတို့ဘာလို့ ဒီကို လာရတာလဲ.... သိခွင့်ရှိမလား။"

ယန်ယွဲ့ နှင့် ချင်းမင် တို့လည်း သိချင်နေပုံဖြင့် ငရဲကောရီကို စိုက်ကြည့်လိုက်ကြသည်။

“ငါတို့ အကာအကွယ်အတွက် တစ်ချို့အရာတွေကို ဖန်တီးရအောင်

နတ်အဆင့်အဆောင်သခင်နဲ့ တွေ့ဖို့
လာတာ။"

"နတ်အဆင့် အဆောင်သခင် လား...."

ယန်ယွဲ့၏ နှလုံးသားဟာ
ချက်ချင်းဆိုသလိုပင် ပြင်းထန်စွာ
ခုန်ပေါက်သွားသည်။

အဆောင်တာအိုတွင် နတ်အဆင့်က ဒဏ္ဍာရီ

သို့မဟုတ် ဒဏ္ဍာရီလာအဆင့် ပင်တည်း။

သို့သော် ယခုအချိန်တွင်မူ ဒဏ္ဍာရီလာ

နတ်အဆင့်အဆောင်သခင်က

အမည်မဲ့မြို့တွင် ရှိနေလိမ့်မည်ဟု

မမျှော်လင့်ထားခဲ့ပေ။

နောက်ဆုံးတွင် သူကိုယ်တိုင်လည်း

အဆောင်သခင် တစ်ဦးဖြစ်ရာ

နတ်အဆင့်အဆောင်သခင်

သူသောတည်ရှိမှုက

ဘယ်အရာကိုဆိုလိုကြောင်း ကောင်းကောင်းသိထားပါသည်။

နတ်အဆင့်အဆောင်သခင်သည် ကမ္ဘာ့တာအိုဥပဒေသကို အသုံးပြု၍ အဆောင်ရေးဆွဲနိုင်၏။

ယန်ယဲ့ တစ်ယောက်တည်းတင်မဟုတ်ပဲ ဝမ်ယန်နှင့် ချင်းမင် တို့ပင် ထိတ်လန့်သွားခဲ့ကြသည်။ ဝမ်ယန်က "မြင့်မြတ်တဲ့ကေရီ၊ ငါတို့ရဲ့ မြင့်မြတ်ခန်းမမှာ ဒဏ္ဍာရီလာ

နတ်အဆင့်အဆောင်သခင်တစ်ယောက်ရှိ
နေပြီလား။"

ငရဲကေရီက ခေါင်းယမ်းပြီး
“အဲလိုလည်းမဟုတ်ဘူး။ ပြောရရင် သူက
ဒီကမ္ဘာပေါ်မှာ
တစ်ယောက်တည်းကျန်နေတဲ့
နတ်အဆင့်အဆောင်သခင် ပဲ။ သူက
တခြားသူတွေနဲ့ ထိတွေ့ရတာကို
မကြိုက်ဘူး၊ ဒါကြောင့် ငါ့ကို ဒီမှာစောင့်။"

သူမစကားပြီးသည်နှင့် ယန်ယဲ့ကို တစ်ချက်ကြည့်လိုက်ပြီး "ဒီနေရာမှာရှိတဲ့ အင်အားစုတွေကြားက ဆက်ဆံရေးတွေဟာ အရမ်းရှုပ်ထွေးတယ်။ ပြီးတော့ ဒီမှာ မရေမတွက်နိုင်တဲ့ သူတော်စင်တစ်ပိုင်းအဆင့်တွေလည်းရှိနေတယ်။ နင့်စိတ်ကိုအတတ်နိုင်ဆုံးထိန်းပါ။ စိတ်အလိုအတိုင်း ဘာမှလျှောက်မလုပ်နဲ့!" ထိုစကားပြောပြီးသည်နှင့် နေရာတွင်ပင် ပျောက်ကွယ်သွားခဲ့သည်။

ယန်ယဲ့ဟာ ငရဲကေရီ၏ စကားကြောင့် မျက်နှာတစ်ပြင်လုံး ရှုံ့မဲ့သွားပါတော့သည်။

"ငါလည်း မြို့ထဲကို ခဏလောက် လျှောက်သွားလိုက်ဦးမယ်!" ဝမ်ယန်ကလည်း ရုတ်တရက် ပြောလိုက်သည်။ ထို့နောက် ခပ်ဝေးဝေးဆီသို့ ပျောက်ကွယ်သွားပါသည်။

တစ်ဖက်တွင် ချင်းမင်သည်လည်း မည်သည့်စကားမှ မပြောခဲ့ပေ။ နေရာမှာပင် ပျောသာက်ကွယ်သွား၏။

ယန်ယဲ့ သည် ပုခုံးတွန့်ကာ ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်သည်။ အနီးနားရှိ လမ်းတစ်ခုတွင် ဆူညံသံများဖြင့် လူအနည်းငယ် ရှုပ်နေသည် ကို သတိပြုမိလိုက်သည်။

ထိုနေရာတွင် ဆိုင်တန်းများ
တည်ဆောက်ထားပြီး ရောင်းချနေသည်ကို
မြင်လိုက်၏။

တစ်ချိန်တည်းမှာပင် သူ၏ ပျင်းရိမှုနှင့်
စူးစမ်းချင်စိတ်က သူ့ကို ထိုနေရာသို့
တိုးသွားစေခဲ့သည်။

အတန်ကြာအောင် လမ်းလျှောက်ပြီးနောက်
ယန်ယဲ့ သည် အဘိုးအိုတစ်ဦး၏

ဆိုင်သေးသေးလေးရှေ့မှာ ရုတ်တရက် ရပ်သွားသည်။

ထိုနေရာတွင်

အနက်ရောင်ဓားသေတ္တာတစ်ခုသာရှိသော်လည်း အပိုင်းတစ်ပိုင်းကို လှီးဖြတ်ထားပုံရသောကြောင့် ၎င်းတွင် အပေါက်တစ်ပေါက်ရှိနေ၏။

ယန်ယွဲ့ သည် အချိန်အတန်ကြာအောင် စူးစိုက်ကြည့်နေပြီး ဓားသေတ္တာကို ကိုင်ကြည့်ရန် ပြင်လိုက်သည်။

ထိုအချိန်တွင် မမြင်နိုင်သော
စွမ်းအားတစ်ခုက သူ့ကို ဖုံးအုပ်လာခဲ့သည်။
ယန်ယဲ့သည် ရပ်လိုက်ပြီး အဘိုးအိုကို
ကြည့်လိုက်ရာ အဘိုးအိုက အေးစက်စက်နဲ့
"မင်းကြည့်လို့ရတယ်၊ ထိလို့မရဘူး" ဟု
ပြောလိုက်သည်။

သူတော်စင်တစ်ပိုင်းအဆင့် ။
ဈေးရောင်းနေသည့် အနီအဘိုးအိုက
သူတော်စင်တစ်ပိုင်းအဆင့် ပင်တည်း။

ယန်ယဲ့လည်း ဤအခြေအနေကို မျှော်လင့်မထားသဖြင့် အတော်လေးကို အံ့ဩသွား၏။

"ငရဲကေရီက ငါ့ကို မလိမ်ခဲ့ဘူးပဲ။ ဒီနေရာမှာ အဆင့်မြင့်ပညာရှင်တွေချည်းပဲ ပြည့်နေတယ်။" ယန်ယဲ့သည် ခေါင်းညိတ်ပြပြီး သူ့လက်ကို ပြန်ရုပ်လိုက်ရင်း "အဲဒါရဲ့စျေးနှုန်းက ဘယ်လောက်လဲ" ဟုပါ မေးလိုက်သည်။

အဘိုးအိုက “မြင့်မြတ်ခန်းမတွေရဲ့အမှတ်
၁၀၀,၀၀၀ ဒါမှမဟုတ်ရင်
ထိပ်တန်းစွမ်းအင်ကျောက်တုံး
၃၀၀,၀၀၀"ဟု ပြန်ဖြေခဲ့သည်။

ယန်ယဲ့ သည် မပြောခင် ခဏလောက်
လေးလေးနက်နက် စဉ်းစားပြီး
“တစ်ယောက်နဲ့တစ်ယောက်
ပွင့်ပွင့်လင်းလင်းပြောရအောင်။ ဒါက
မဆိုးပါဘူး။ ဒါပေမဲ့ ပျက်စီးနေပြီဆိုတော့
ဒီလောက်ဈေးနဲ့ မတန်ဘူးလို့တောင်

မြင်နိုင်တယ်။ ငါ မင်းကို
အဆင့်လွန်စွမ်းအင်ကျောက်တုံး ၂၀၀၀
ပေးမယ်။ မင်းသဘောတူရင်
ငါဒါကိုယူမယ်။"

"မင်းမှာ
အဆင့်လွန်စွမ်းအင်ကျောက်တုံးတွေ
ရှိတာလား" အဘိုးအိုက အတော်လေး
အံ့သြသွားပါသည်။
ပုံမှန်အားဖြင့်
အဆင့်လွန်စွမ်းအင်ကျောက်တစ်လုံးကို

ထိပ်တန်းစွမ်းအင်ကျောက်တုံး ၁၀၀ နှင့်
လဲလှယ်နိုင်သည်။

သို့သော် လက်တွေ့မှာတော့ လဲလှယ်ရန်က
မဖြစ်နိုင်ပေ။ ၎င်းသည် ကုန်သည်အင်အားစု
မဟုတ်ပါက
ထိုသို့သောလဲလှယ်မှုပြုလုပ်ရန်
စိတ်ဝင်စားမည့်သူနည်းပါးလှသည်။

အဘယ်ကြောင့်ဆိုသော်
အဆင့်လွန်စွမ်းအင်ကျောက်တုံးများ၏
အစစ်အမှန်တန်ကြေးက

လဲလှယ်မှုနှုန်းထက်
များစွာပိုနေသောကြောင့်ပါ။

ယန်ယွဲ့ သည် ခေါင်းညိတ်ပြီး "ငါ
ဈေးလျှော့ရတာကို မကြိုက်ဘူး။
မင်းသဘောတူရင် ငါတို့
ဖလှယ်လို့ရတယ်။"

Book.50

----------